ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (7-6-2012) (၇၃၄၄)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာ

(အမှတ်၊ ၄၃/၂၀၁၂)

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၁၂ ခုနှစ်၊ ဇွန်လ ၆ ရက်)

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းသစ်သို့ ရောက်ရှိ စေရန် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံသားများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာရေးအတွက်ကိုလည်း အဆင့်ဆင့်လေ့ကျင့်ပေးလျက် ရှိပါသည်။

၂။ ရခိုင်ပြည်နယ်အတွင်း၌ ၂၀၁၂ ခုနှစ် မေလနှင့် ဇွန်လအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့် လူစုလူဝေးဖြင့် အုပ်စုဖွဲ့၍ ဥပဒေမဲ့ပြုမူဆောင်ရွက်မှုများ၊ မင်းမဲ့စရိုက်ဆန်ဆန် လူအုပ်စုဖွဲ့ရိုက်နှက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်များအပေါ် ဖြစ်ရပ်အမှန်ဖော်ထုတ်နိုင်ရေးနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေးတို့အတွက် အောက်ဖော်ပြပါ အဖွဲ့ဝင်များပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က)	ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ရဲမှူးချုပ်ဇော်ဝင်း ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးစံရွှေမောင် ပြည်နယ်ဥပဒေအရာရှိ၊ ရခိုင်ပြည်နယ်	အဖွဲ့ဝင်
(ဃ)	ရဲမှူးကြီးမျိုးဆွေဝင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရခိုင်ပြည်နယ်	အဖွဲ့ဝင်
(င)	ဦးကျော်ခင် ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်ထောင်အုပ်စုမှူး	အဖွဲ့ဝင်
(စ)	ဦးအောင်မျိုးကျော် ဒုတိယညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	အဖွဲ့ဝင်
(ဆ)	ဦးလင်းကိုကို ခရိုင်အုပ်ချုပ်ရေးမှူး၊ စစ်တွေခရိုင်	အဖွဲ့ဝင်
(ဇ)	ဦးရန်လင်းအောင် ခရိုင်အုပ်ချုပ်ရေးမှူး၊ကျောက်ဖြူခရိုင်	အဖွဲ့ဝင်
(ဈ)	ဦးဦးထွန်းဝေ ခရိုင်အုပ်ချုပ်ရေးမှူး၊ သံတွဲခရိုင်	အဖွဲ့ဝင်
(ည)	ဒုတိယရဲမှူးကြီးဆန်းလွင် ခရိုင်ရဲတပ်ဖွဲ့မှူး၊စစ်တွေခရိုင်	အဖွဲ့ဝင်
(ဋ)	ဒုတိယရဲမှူးကြီးစံရွှေမောင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဖြူခရိုင်	အဖွဲ့ဝင်
(ဌ)	ဒုတိယရဲမှူးကြီးကျော်တင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ သံတွဲခရိုင်	အဖွဲ့ဝင်
(ဍ)	ဦးခင်မောင်လှ ခရိုင်ဥပဒေအရာရှိ၊ စစ်တွေခရိုင်	အဖွဲ့ဝင်
(ဎ)	ဦးစောမြ ခရိုင်ဥပဒေအရာရှိ၊ ကျောက်ဖြူခရိုင်	အဖွဲ့ဝင်
(ဏ)	ဒေါ်လှကြည် ခရိုင်ဥပဒေအရာရှိ၊ သံတွဲခရိုင်	အဖွဲ့ဝင်
(တ)	ဦးဇော်သိန်း ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရခိုင်ပြည်နယ်	အတွင်းရေးမှူး

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဖြစ်မှန် စုံစမ်းဖော်ထုတ်ရန်ဖြစ်သည်-

(က) မူခင်းဖြစ်ပွားရသည့်အကြောင်းရင်း၊
(ခ) အုပ်စုဖွဲ့ ကျူးလွန်ရန် စည်းရုံးလှုံ့ဆော်မှုများ၊
(ဂ) အုပ်စုဖွဲ့ ကျူးလွန်သူများအား ဦးဆောင်သူများ၊
(ဃ) ပြစ်မှုကျူးလွန်သူများ၊
(င) အခင်းမဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်နိုင်မှု အခြေအနေ၊
(စ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထင်မြင်ယူဆချက်၊
(ဆ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် အကြံပြုချက်။

၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖြစ်ရပ်အမှန်ပေါ်ပေါက်စေရေး အတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃၀ ရက် နောက်ဆုံးထား၍ နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်တင်ပြ အစီရင်ခံရမည်။

အမိန့်အရ

(တင်မျိုးကြည်)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မန္တလေးမြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ အဆင့်မြင့်ဘောလုံးကွင်းနှင့် မြန်မာဘောလုံးအကယ်ဒမီများ ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မန္တလေးမြို့၌ Max Myanmar Group of Companies က တာဝန်ယူတည်ဆောက်လျက်ရှိသည့် အဆင့်မြင့်ဘောလုံး အားကစားကွင်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) အားကစားခန်းမ၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား အားကစားနည်းတစ်ခုချင်းစီအလိုက် တစ်ဦးချင်း တွေ့ဆုံစစ်ဆေးပြီး နည်းပြဆရာများနှင့် သင်တန်းသားများအား ထောက်ပံ့ငွေများပေးအပ်ကာ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်နှင့် Language Lab များ၊ သင်တန်းသားအိပ်ဆောင်များ၊ အားကစားနည်းအလိုက် လေ့ကျင့်ရေးခန်းမများနှင့် မီတာ ၄၀၀ ပြေးလမ်း ခင်းကျင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် အားကစားနည်းပြများအား တွေ့ဆုံပြီး အားကစားတွင်သာမက ပညာရေး၌ပါ ထူးချွန်၍ ကိုယ်ရည်ကိုယ်သွေးမြင့်မားသူများဖြစ်အောင် တာဝန်ရှိသူများက ကြပ်မတ်လေ့ကျင့်ပေးသွားကြရန် မှာကြားသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်အတွင်း Max Myanmar Group of Companies က တာဝန်ယူတည်ဆောက်လျက်ရှိသည့် အဆင့်မြင့်ဘောလုံး အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်ထားသော မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)၌ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❍

ကြေးမုံစာတည်းရှုထောင့် ၇-၆-၂၀၁၂[ကြာသပတေးနေ့]။

အရွေ့များစွာ ထက်ကြပ်မကွာ

ခေတ်ရေစီးကြောင်းကြီးစီးဆင်းနေသည်မှာ မြစ်ရေအသွင် အလျဉ်မပြတ် မရပ်မနား။ ခေတ်ရေစီးကြောင်းနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဖြစ်စဉ်များလည်း ကြောင်းကျိုးဆက်စပ် တရစပ်ရွေ့လျား ပြောင်းလဲမှုများစွာ။ ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံသစ်ဆီ ဦးတည်ပြီး ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်။ ပြယုဂ်ကောင်းရုံသက်သက် စိတ်ကူးစိတ်သန်းဖြင့် အကောင်အထည်ဖော်ခြင်းမျိုး မဟုတ်ဘဲ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းမျိုးဖြစ်ရန် အားထုတ်ဆောင်ရွက်ကြရပေမည်။

နိုင်ငံအတွင်း အုပ်ချုပ်ရေးရာများသည် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝအပေါ် အဓိကလွှမ်းမိုးလျက်ရှိရာ ပြည်သူ့ဆန္ဒနှင့်အညီ အလေးထားဖြည့်ဆည်းပေးနေသည်။ ပြည်သူတို့၏လူနေမှုဘဝ၊ လူမှုစီးပွားဘဝ အဆင်ပြေပြေ ချောချောမွေ့မွေ့ ဆောင်ရွက်ပေးနိုင်မှု၊ ပြည်သူ့ဝန်ထမ်းများက ပြည်သူများကို မျှမျှတတဆက်ဆံမှု၊ တရားဥပဒေ၏ကာကွယ်စောင့်ရှောက်ပေးနိုင်မှုတို့ဖြင့်သာ အေးချမ်းသာယာသော လူနေမှုဘဝကို ဖန်တီးပေးနိုင်မည်။ ယင်းအကျိုးသက်ရောက်မှုများအပေါ် မူတည်၍ စနစ်တစ်ခု၊ ခေတ်တစ်ခု ကောင်း၊ မကောင်းကို ဆုံးဖြတ်ကြမည်သာဖြစ်သည်။

နိုင်ငံကိုဦးဆောင်သူတို့က အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့ စီမံခန့်ခွဲမှုကောင်းအောင်၊ အုပ်ချုပ်မှုကောင်းအောင်၊ ပြည်သူတို့အပေါ် စေတနာထားအောင် လမ်းညွှန်မှုပေးနေသည်။ သန့်ရှင်းသည့်အစိုးရဖြစ်ရေး၊ အဂတိတရားကင်းကင်း၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေး ကြပ်မတ်ထိန်းကျောင်းမှုများ လုပ်ဆောင်လျက်ရှိသည်။ ခေတ်သစ်တစ်ခု၊ နိုင်ငံသစ်တစ်ခု ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရသည့်လုပ်ငန်းပမာဏမှာ ကြီးမားသမျှ ကျယ်ပြန့်လှသည်။ တစ်ဦးချင်း တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းအသိုင်းအဝိုင်းအားလုံးက တာဝန်သိသိ စည်းကမ်းရှိရှိ ဦးထမ်းပဲ့ထမ်း လိုက်နာကျင့်သုံးကြမှ ရည်မှန်းချက် အောင်မြင်မည်ဖြစ်သည်။

လက်ရှိအခြေအနေထက် သာလွန်ကောင်းမွန်သည့်အခြေအနေ၊ ပန်းတိုင်သို့ အရောက်လှမ်းကြရာတွင် တရွေ့ရွေ့မှသည် အရှိန်အဟုန်ပြင်းပြင်း မြန်မြန်ဆန်ဆန် ပြောင်းလဲကြရသည်များရှိသည်။ ယင်းသို့ပြောင်းလဲရာတွင် ရုပ်ပိုင်းဆိုင်ရာများ ပြောင်းလဲလာသည်ကို လုပ်နည်းလုပ်ဟန်၊ အဆင်တန်ဆာ၊ အခြယ်အသ၊ အသုံးအနှုန်းတို့ကို ဂရုပြုကြည့်လျှင် မြင်နိုင်ပေသည်။ အကောင်အထည်ဖော်သူ၊ ပါဝင်ကြိုးပမ်းနေကြသူများ၏ စိတ်ပိုင်းဆိုင်ရာများပါ ထိုအရွေ့တွင် ပြုပြုပြင်ပြင်ပါဝင်လာလျှင် ပိုမိုကောင်းမွန်ခရီးရောက်ပေမည်။

လူသားများသည် တစ်ဦးနှင့်တစ်ဦး ရုပ်ဆင်းအင်္ဂါ မွေးဖွားကြီးပြင်းရာဝန်းကျင်ယဉ်ကျေးမှုများ မတူညီကြသဖြင့် စိတ်ထား သဘောထားများလည်း တူညီနိုင်မည်မဟုတ်ပေ။ သို့သော် လူ့အဖွဲ့အစည်းအတွင်း ပူးပေါင်းကျင်လည်လှုပ်ရှားကြရသည့်အခါ မိမိတို့ထမ်းဆောင်ရသည့် တာဝန်နှင့်ဝတ္တရားအရ ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးကြရပေမည်။ အထူးသဖြင့် နိုင်ငံနှင့်လူမျိုး အများအကျိုးသယ်ပိုးရာတွင် စိတ်ဓာတ်ကောင်း၊ စေတနာကောင်းထားရှိကြရန် အရေးကြီးသည်။ မည်သည့်ဒေသ မည်သည့်ဌာနတွင်မဆို တာဝန်ရှိသူတိုင်းက တာဝန်သိစိတ်ဖြင့် အလုပ်လုပ်ကြလျှင် မိတ်ကောင်းဆွေကောင်းတိုးပွားပြီး ပူးပေါင်းဆောင်ရွက် အကျိုးဖြစ်ထွန်းမှုများလည်း မြန်ဆန်စွာရရှိလာမည်ဖြစ်သည်။

ပြည်သူအများက လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်း အနှစ်သာရများကို နှစ်လိုမျှော်လင့်သည်။ အများပြည်သူတို့နှစ်လိုသော အဖွဲ့အစည်း၊ ဂုဏ်ကျက်သရေပြည့်ဝသော အဖွဲ့အစည်း၊ ငြိမ်းချမ်းသာယာသော အဖွဲ့အစည်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းကို တညီတညွတ်တည်း တည်ဆောက်ကြရပါမည်။ ပြည်သူတို့မျှော်မှန်းသည့် ပန်းတိုင်အရောက် ဆက်လှမ်းရာတွင် ရုပ်ပိုင်းရွေ့လျား ပြုပြင်ပြောင်းလဲလာမှုတို့နှင့်အတူ လူတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာအရွေ့များလည်း ထက်ကြပ်မကွာလိုက်ပါ ပြုပြင်ဆောင်ရွက်ကြလျှင် အောင်မြင်မှုဟူသည် များစွာမဝေးတော့ကြောင်း ရှုမြင်မိပါသည်။ ။

တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် Conference ဖွင့်ပွဲအခမ်းအနား ကျင်းပ

တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် Conference ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Dinning Room ၌ ကျင်းပစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇွန် ၆

တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် Conference ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Dinning Room ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသော အခမ်းအနားသည် မြန်မာနိုင်ငံ၏ တာဝန်သိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာကြိုးပမ်းမှုများ၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ တိုင်းပြည်၏ယဉ်ကျေးမှုနှင့် သဘာဝဆိုင်ရာ ဆွဲဆောင်မှုကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာပါကြောင်း၊ တာဝန်သိခရီးသွားလုပ်ငန်းသည် လူသားများအတွက် ပိုမိုကောင်းမွန်သော နေထိုင်စရာနေရာများ၊ လည်ပတ်စရာနေရာများ ဖြစ်လာစေရန်အတွက်ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒ(မူကြမ်း) အပြီးသတ် ရေးဆွဲနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အဓိကတာဝန်ယူဆောင်ရွက်နေကြသူများနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသူအားလုံးက ပြည့်စုံကျယ်ပြန့်ပြီး အကျိုးရှိမည့် တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒ(မူကြမ်း)တစ်ရပ် အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် Hanns Seidel Foundation မှ Mr. Ludwig Westarp, Prof Mr. Harold Jhon Goodwin တို့က ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် တာဝန်သိခရီးသွားလုပ်ငန်း၏ အဓိကရည်ရွယ်ချက် (၉)ချက်ဖြစ်သော နိုင်ငံ၏အဓိကဦးစားပေး အခန်းကဏ္ဍအဖြစ်တည်ရှိရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုအခြေခံရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် စစ်မှန်မှုကို ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ ထုတ်ကုန်ကြွယ်ဝမှု အမျိုးအစားနှင့် အရည်အသွေးယှဉ်ပြိုင်ရေး၊ ဈေးနှုန်းသတ်မှတ်ရုံမဟုတ်ဘဲ ခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများသည် မြန်မာနိုင်ငံ၏ ထူးခြားသောလက္ခဏာများအဖြစ် ရောင်ပြန်ဟပ်စေရေး၊ ခရီးသည်များ၏ ကျန်းမာရေး၊ လုံခြုံရေးကို ယုံကြည်စိတ်ချရမှုရှိအောင် ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုကို ခိုင်မာစွာဖွဲ့စည်းရေး၊ နိုင်ငံအတွင်း ပြည်တွင်းအဆင့်အတန်းနှင့် ခရီးသွားဒေသများမှ ရှယ်ယာရှင်များအား ခရီးသွားလုပ်ငန်းဆိုင်ရာ နားလည်မှုနှင့် စီမံခန့်ခွဲမှုများကို မြှင့်တင်ပေးရေး၊ အလုပ်သမားအင်အားများကို ကောင်းမွန်စွာ လေ့ကျင့်ပျိုးထောင်ပေးရေး၊ ကျင့်ဝတ်နှင့် မကိုက်ညီသော ဖြစ်ရပ်များကို အနိမ့်ဆုံးအထိ လျှော့ချရေးတို့ကို အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၆ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၄၂. ၀၀၀	၀. ၀၀၁၁၉
ထိုင်း (ဘတ်)	၃၁. ၄၇၅၃	၀. ၀၃၁၇၇
တရုတ် (ယွမ်)	၆. ၃၆၄၈၂	၀. ၁၅၇၁၁
အိန္ဒိယ(ရူပီး)	၅၅. ၃၄၅၇	၀. ၀၁၈၀၇
မလေးရှား (ရင်းဂစ်)	၃. ၁၇၇၇၆	၀. ၃၁၄၆၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၉၇၂	၀. ၇၈၁၄၂
ဂျပန် (ယန်း)	၇၉. ၀၅၉၇	၀. ၀၁၂၆၅
တောင်ကိုရီးယား(ဝမ်)	၁၁၇၅. ၂၄	၀. ၀၀၀၈၅
ယူရို	၀. ၈၀၁၉၉	၁. ၂၄၆၉၁
ဗြိတိသျှ (ပေါင်)	၀. ၆၄၆၇၀	၁. ၅၄၆၃၀

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၆-၂၀၁၂(ကြာသပတေးနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၂၀ ဇာတ်လမ်းတို
၄း၄၀ မွေးမြူသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အမေ့အပြုံး”(အပိုင်း-၁၀)**
၆း၃၀ ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၅ ကာတွန်းအစီအစဉ် “အာကာသသူရဲကောင်းလေးများ” (အပိုင်း-၅)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ထောင်စုနှစ်သမီးပျို” (အပိုင်း-၂၅)**
-အနုပညာရှင်၏တစ်နေ့တာ
-ကုန်သွယ်သုတ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “နေမင်းကဲ့သို့ထွန်းလင်းသော” (အပိုင်း-၆)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သမုဒယနှောင်ကြိုး”(အပိုင်း-၁၅)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၆

၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် **မြန်မာအမျိုးသမီးများနေ့** အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားပါမည်။ ဆောင်းပါးပြိုင်ပွဲကို **“ကုဋေတစ်သန်းကို ခြေတစ်လှမ်းဖြင့် အရယူ တိုင်းကျိုး ပြည်ပြုဆောင်ရွက်သူ”** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲကို **“မျိုးဂုဏ်မြင့်မား မြန်မာအမျိုးသမီးများ”** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် စာမူများအား စာလုံးရေ သုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရပါမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူ နှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀" × ၁၄") တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၁၈ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ဇွန် ၆ ရက်က ဇေယျာသီရိမြို့နယ် ပြည်စံအောင် ကျေးလက်ကျန်းမာရေးဌာန မရင်းကြီးကျေးလက် ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမဒေါ်စန္ဒာမြင့်က နေပြည်တော်သတင်းစာတိုက်ဝင်းအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ခင်မောင်ဝင်း (ကြေးမုံ)

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးညာဏ်ထွန်း ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇွန် ၆

ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးညာဏ်ထွန်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန် ရေတပ်ဦးစီးချုပ် Admiral M Asif Samdila ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပါကစ္စတန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် - ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး Mr. Amjad Majid Abbasi တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

ဘောလုံးအကယ်ဒမီကျောင်း ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ သင်တန်းသားများ ယခုထက် ပိုမိုအရည်အချင်းမြင့်မားရေး၊ နည်းပြများ အရည်အချင်းမြင့်မားရေးတို့အတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့နံနက် ၈ နာရီတွင်လည်း မန္တလေး-ရန်ကုန် လမ်းမကြီး ကွဲဆည်ကန်ရပ်၌ ဖွင့်လှစ်သော ဧရာဝတီဘဏ်လီမိတက်၏ (၂၅)ခုမြောက် ဘဏ်ခွဲဖွင့်ပွဲသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၇-၆-၂၀၁၂ (ကြာသပတေးနေ့)

- ၅း၄၀ "လိပ်လိုကျင့်ပါ" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ)
- ၉း၂၀ မြန်မာနိုင်ငံ၏ပထမဦးဆုံးသော Call Center
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၂း၂၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "မော်ကင်းဥဒါန်း"
- ၅း၂၅ Golden Minute
- ၆း၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၄၆)**
- ၇း၃၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၆၀)**
- ၁၁း၁၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (ဇာတ်သိမ်းပိုင်း)**
- ၁၁း၅၀ ခေတ်မီလှပ မိခင်ဘဝ (Health Education Talk For Mum)
- ၂း၃၀ စိတ်၏ကကြိုး
- ၄း၄၅ ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့်ရွှေဘတောင်တော်မှာ

ရှေးနှစ်ပေါင်း ၁၃၅ နှစ်ခန့်က ကြေးခေါင်းလောင်းကြီး ရန္တပိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ထိန်းသိမ်းထား

မြင်းခြံ ဇွန် ၆

မြင်းခြံမြို့ ဧရာဝတီမြစ်ကမ်းအနီးရှိ ရန္တပိုကျေးရွာ မင်းကျောင်းဘုန်းတော်ကြီးကျောင်းတွင် ရှေးနှစ်ပေါင်း ၁၃၅ နှစ်ခန့်က ကြေးခေါင်းလောင်းကြီးတစ်ခု ထိန်းသိမ်းထားရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

"ဘုန်းတော်ကြီးကျောင်းအဆောက်အအုံကလည်း ကျွန်းတိုင်ကြီးတွေနဲ့ နှစ်ပေါင်း ၁၄၀ ကျော်ခန့်က တည်ဆောက်ခဲ့တဲ့ ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုပါပဲ။ ဆရာတော်အဆက်ဆက်က ရှေးဟောင်းအဆောက်အအုံကို မူလအတိုင်း ထိန်းသိမ်းထားရှိဖို့ မှာကြားခဲ့ကြတာမို့ ရှေးမူမပျက် မပြုမပြင်ထားရှိ ထိန်းသိမ်းထားတာပါ။ ဒီကြေးခေါင်းလောင်းကြီးကို မြန်မာသက္ကရာဇ် ၁၂၃၉ ခုနှစ် ပထမဝါဆိုလဆန်း ၁၅ ရက်နေ့မှာ အလှူ့ဒါယကာ ဦးသိုင်း၊ အလှူ့ဒါယိကာမ ဒေါ်လည်ရစ်၊ သားကိုပေါ၊ သမီးမလျော်၊ မဆော်တို့က တန်ဖိုးငွေ ရွှေဒင်္ဂါး ၁၃ ပြားခန့်၊ ကြေးသတ္တုအလေးချိန် ၅၅ ပိဿာ ၇ ကျပ်ခွဲသားခန့်ဖြင့် သွန်းလုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ခေါင်းလောင်းကြီးကိုယ်ထည်ပေါ်မှာ ထိုးထွင်းမှတ်တမ်းတင်ခဲ့တာမို့သိရပါတယ်။ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ပြီးမှ ဒီကြေးခေါင်းလောင်းကြီး သွန်းလုပ်လှူဒါန်းခဲ့တာမို့ ကျောင်းဆောင်ကြီးသက်တမ်းက ၁၀ နှစ်ခန့် ပိုမိုရှိမယ် ထင်ပါတယ်။ လာမယ့်ပထမဝါဆိုလဆန်း ၁၅ ရက်နေ့ဆို ဒီခေါင်းလောင်းသက်တမ်းက နှစ်ပေါင်း ၁၃၅ နှစ် တိတိ ပြည့်ပြီပေါ့"ဟု သက်တော် (၇၉) နှစ်ရှိပြီဖြစ်သည့် ရန္တပိုကျေးရွာ မင်းကျောင်းဆရာတော် ဘဒ္ဒန္တဦးသုနန္ဒက မိန့်ကြားသည်။

အဆိုပါ ခေါင်းလောင်းကြီးဆွဲတံကွင်းကို ခြသေ့်နှစ်ကောင်ဖြင့် ပုံဖော်ထားပြီး ဆွဲတံထိပ်တွင် မြွေနဂါးရုပ်ကိုတွေ့ရကာ ခေါင်းလောင်းကြီး၏ အနားသတ်နှုတ်ခမ်းပတ်လည်တွင် ဂဠုန်တောင်ပံခတ်ဟန်အရုပ်ငယ် ၄၆ ခုတိတိကို သွန်းလုပ်ထားရှိကြောင်း လေ့လာသိရှိရသည်။ (၅၇၉)

မီးလောင်လျှင်

- (က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- (ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
- (ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
- (ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ ဆွီဒင်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တို့မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး ပါဝင်သော လေ့လာရေးအဖွဲ့သည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆွီဒင်နိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း၊ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နန်းနွံ့၊ ဒေါ်တင်နွယ်ဦး၊ ဒေါ်နန်းစေအွာ၊ ဒေါ်ဇာတလဲမ်း၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါက်တာဒေါ်သန်းငွေနှင့် ဒေါ်စန္ဒာမင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နော်မေးရီယန်၊ ဒေါ်နန်းနီနီအေး၊ ဒေါ်ရီရီမြင့်နှင့် ဒေါ်ခင်ဝိုင်းကြည်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ လှမြတ်သွေးတို့ ပါဝင်ကြသည်။**(အောက်ပုံ)**

အဆိုပါ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ၏ ကဏ္ဍမြင့်တင်ရန်နှင့် စွမ်းဆောင်ရည်တိုးတက်စေရန်ရည်ရွယ်၍ ဆွီဒင်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ပံ့ပိုးမှု၊ ပြည်တွင်း NGO ဖန်မီးအိမ်အဖွဲ့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆွီဒင်နိုင်ငံသို့ ၁၀ ရက်ကြာ လေ့လာရေးခရီးသွားရောက်ခြင်းဖြစ်သည်။

လေ့လာရေးခရီးစဉ်အတွင်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ဆွီဒင်နိုင်ငံ ပါလီမန်၊ ဆွီဒင်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသမီးကွန်ရက်များ၊ နိုင်ငံရေးပါတီများနှင့် International IDEA အဖွဲ့များသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးနှင့်အတူ လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အမျိုးသမီးဝန်ထမ်းနှစ်ဦး၊ ပြည်တွင်း NGO ဖန်မီးအိမ်အဖွဲ့မှ ဒါရိုက်တာဒေါ်ရွှေရွှေစိန်လတ်တို့လည်း လိုက်ပါသွားကြသည်။

တင်ထွေး(သတင်းစဉ်)



အိန္ဒိယနိုင်ငံမှ ပေးအပ်မည့် သက်သာသောချေးငွေအား လယ်ယာကဏ္ဍ၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍများတွင် အသုံးပြုမည်

ရန်ကုန် ဇွန် ၆

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ပေးအပ်မည့် သက်သာသောချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အား လယ်ယာကဏ္ဍ၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍတို့ရှိ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း မေ ၂၈ ရက်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ဆောင်ရေး၊ ထိတွေ့ဆက်ဆံရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ အပြန်အလှန် ချစ်ကြည်ရေးအစီအစဉ်များ တိုးမြှင့်ပြုလုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းလုပ်ဆောင်သွားကြရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြသည်။

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးအပ်သွားမည့် အကူအညီများတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တံတားများ တည်ဆောက်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖာလာစေ့အမြောက်အမြား စိုက်ပျိုးထုတ်လုပ်ရေးကိုလည်း အိန္ဒိယအစိုးရက မြန်မာအစိုးရထံသို့ ကမ်းလှမ်းမှုပြုခဲ့ကြောင်း သိရသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ယခုထက်မြှင့်တင်ရန် ဆန္ဒရှိနေပြီး အိန္ဒိယနိုင်ငံမှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် လယ်ယာသုံးစက်ကိရိယာများကို မြန်မာနိုင်ငံသို့ လက်ဆောင်ပေးအပ်ခဲ့သည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည့်အလျောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခဲ့ရာတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ယနေ့အချိန်အထိ ထောက်ပံ့ငွေနှင့် အတိုးနှုန်းသက်သာသော ချေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (၀၀၁)

၂၀၁၂ ခုနှစ် ဇွန် ၆ ရက် နံနက် ၉ နာရီခန့်က နေဝန်း၏ရှေ့မှ သောကြာဂြိုဟ်ဖြတ်သန်းနေပုံကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီရင်ပြင်ပေါ်မှ တွေ့ရစဉ်။

နေဝန်းကြီးရှေ့မှ သောကြာဂြိုဟ်ဖြတ်သန်းမှု မြန်မာနိုင်ငံမှ တွေ့မြင်ရ

ရန်ကုန် ဇွန် ၆

နေဝန်းကြီး၏အရှေ့ဘက်မှ သောကြာဂြိုဟ်ဖြတ်သန်းသောထူးခြားဖြစ်စဉ်ကို ၂၀၁၂ ခုနှစ် ဇွန် ၆ ရက် နံနက်ပိုင်းမှစ၍ မြန်မာနိုင်ငံမှ တွေ့မြင်ခဲ့ရသည်။ ဤဖြစ်ရပ်မျိုးကို ၂၀၀၄ ခုနှစ် ဇွန် ၈ ရက်က တစ်ကြိမ်တွေ့မြင်ခဲ့ရပြီး နောင်လာမည့် ၂၁၁၇ ခုနှစ်နှင့် ၂၁၂၅ ခုနှစ်ရောက်မှ ပြန်လည်တွေ့မြင်ကြရမည်ဖြစ်ကြောင်း နက္ခတ္တဗေဒပညာရှင်များက တွက်ဆထားကြသဖြင့် ယခုဖြစ်ရပ်သည် ၂၁ ရာစု၏ ကြုံတောင့်ကြုံခဲ ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

အဆိုပါ ထူးခြားဖြစ်စဉ်ကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့က ကြီးမှူးပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်အရှေ့ဘက် (အရပ်ဟံ) မုခ်ဦးတွင် နံနက်၅ နာရီမှ စတင်ပြီး နက္ခတ်တာရာကြည့်မှန်ပြောင်းများတပ်ဆင်ကာ လေ့လာကြည့်ရှုနိုင်ရန်စီစဉ်ပေးထားကြောင်းသိရသည်။

နံနက်ပိုင်းတွင် လာရောက်လေ့လာသူများ များပြားခဲ့ပြီး မေးမြန်းသူများ၏ သိလိုသမျှ မေးမြန်းမှုများနှင့် ဤဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အကြောင်း၊ မြေငလျင်အကြောင်း၊ ရေကြီးမှုနှင့်ဆိုင်သော ကိစ္စများကို မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပေးကြသည်။ နေဝန်းကြီး၏အရှေ့ဘက်မှ သောကြာဂြိုဟ်ဖြတ်သန်းမှုသည် နံနက် ၁၁ နာရီ မိနစ် ၂၀တွင် ပြီးဆုံးသွားကြောင်း သိရသည်။ သတင်းဓာတ်ပုံ-နေလင်း(သတင်းစဉ်)

ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

ရေစကြို ဇွန် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင်စိုက်ပျိုးထားသော တောင်သူပညာပေး ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ၁၀ ဧက၊ စံပြစိုက်ကွင်းမှ ကွင်းအမှတ် (၁၅၁/၂၀၈၂) ဦးပိုင်အမှတ် (၆) တောင်သူ ဦးသန်းစိုး၏ သုည ဒသမ ၈၉ ဧကအတွင်း မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းမြတ်သူနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်နှင့် ဝန်ထမ်းများမှ စပါးအထွက်နှုန်း မှန်ကန်ရေးအတွက် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းကြရာ **(အောက်ပုံ)** ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဇေယျာထွန်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဟောက်ဆွမ်းမန်နှင့် ခရိုင်(စိုက်တိုးမြှင့်) အဖွဲ့ဝင်များ၊ OISCA သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး Mr. KEISUKE FUJIL တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစံကွက်၏ စပါးအထွက်နှုန်းမှာ ခြောက်သွေ့ပြီး စပါးတစ်ဧက ၁၄၈ ဒသမ ၉၃ တင်း ထွက်ရှိသည်။

(၃၇၄)

အာဖဂန်အရေး၌ ကျယ်ပြန့်သောအခန်းကဏ္ဍမှ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ပါဝင်မည်

ပေကျင်း ဇွန် ၆

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) အဖွဲ့ဝင်နိုင်ငံများဖြစ်သော တရုတ်၊ ရုရှားနှင့် ဗဟိုအာရှ နိုင်ငံလေးနိုင်ငံတို့သည် အာဖဂန်နစ္စတန်နိုင်ငံအရေး၌ ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍမှပါဝင်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း တရုတ်သမ္မတ ဟူကျင်ထောင်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အတွင်း အာဖဂန်နစ္စတန်၏ပါဝင်မှုအခန်းကဏ္ဍကိုလည်း ပိုမိုမြှင့်တင်ပေးရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း တရုတ်သမ္မတက ပြောကြားခဲ့သည်။

ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာပြဿနာများနှင့် စပ်လျဉ်း၍ အက်စ်စီအိုနိုင်ငံများမှ နိုင်ငံအကြီးအကဲများ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမှီအခိုကင်းမဲ့သော၊ ငြိမ်းချမ်းဝပြောသော၊ အိမ်နီးနားချင်းပီသသော၊ အကြမ်းဖက်ဝါဒနှင့် မူးယစ်ဆေးဝါးပြဿနာများမှ ကင်းလွတ်သော အာဖဂန်နစ္စတန်နိုင်ငံ ဖြစ်လာရေးအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ကူညီမည်ဖြစ်ကြောင်း သမ္မတဟူကျင်ထောင်းက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာဖဂန်နစ္စတန်မှ ထွက်ခွာရေးအတွက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) တပ်ဖွဲ့များက ပြင်ဆင်နေသည်နှင့် အမျှ အထွေထွေပြဿနာများရှိလာနိုင်သော်လည်း အာဖဂန်နစ္စတန်ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၌ လေ့လာသူနိုင်ငံအဖြစ် မြှင့်တင်ပေးရန် ဆုံးဖြတ်ထားကြောင်း တရုတ်သမ္မတ(ဝဲပုံ)က ပြောကြားသည်။

ဗဟိုအာရှဒေသအတွင်း အမေရိကန်၏ဩဇာလွှမ်းမိုးမှုကို တုံ့ပြန်ရေးအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များအဖြစ် တရုတ်၊ရုရှား၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျီကစ္စတန်နှင့် ကာဂျီစတန် နိုင်ငံများပါဝင်ကြသည်။

အင်တာနက်။

အာတိတ်ဒေသတွင်း နိုင်ငံများအကြား စစ်အင်အား တည်ဆောက်မှုများကို အပြိုင်အဆိုင် လုပ်ဆောင်လျက်ရှိရာ အာတိတ်ဒေသရောက် အမေရိကန် ရေငုပ်သင်္ဘော တစ်စင်းကို တွေ့ရစဉ်။

စစ်အင်အား အပြိုင်အဆိုင်တည်ဆောက်မှုများ အာတိတ်ဒေသတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်

အော့တဝါ ဇွန် ၆

အာတိတ်ဒေသ၌ လုပ်ဆောင်လျက်ရှိသော စစ်အင်အား တည်ဆောက်မှုများသည် ယင်းဒေသ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေနိုင်ကြောင်း သုတေသနအစီရင်ခံစာတစ်စောင်က ဇွန် ၅ ရက်တွင် သတိပေးဖော်ပြခဲ့သည်။

"ရာသီဥတုပြောင်းလဲမှုနှင့်နိုင်ငံတကာလုံခြုံရေး" အမည်ရှိ အဆိုပါ သုတေသနအစီရင်ခံစာအရ အာတိတ်ဒေသ၌ လုပ်ဆောင်နေသော စစ်အင်အားတည်ဆောက်မှုများသည် ယင်းဒေသ၏ တည်ငြိမ်မှုကို အကာအကွယ်ပေးရေးထက် စစ်ပွဲဆင်နွှဲနိုင်ရန် အသင့်အနေအထားဖြစ်ရေးဘက်သို့ ဦးတည်နေကြောင်း သိရသည်။

အာတိတ်ဒေသဆိုင်ရာ ဦးစားပေးမူဝါဒကို ပူးပေါင်းဆောင်ရွက်ရေးမူဝါဒအဖြစ် အာတိတ်ဒေသနိုင်ငံများက တရားဝင် ဖော်ပြလေ့ရှိသော်လည်း ယင်းနိုင်ငံများသည် အာတိတ်ဒေသတွင်း၌ ၎င်းတို့၏ စစ်ရေးစွမ်းပကားများအား ပိုမိုခေတ်မီစေရန် ပြုပြင်တည်ဆောက်နေကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နော်ဝေနှင့် ရုရှားကဲ့သို့သော နိုင်ငံများသည် အာတိတ်ဒေသ၌ ဖြစ်လာနိုင်ဖွယ်ရှိသည့် ပဋိပက္ခများအား ရင်ဆိုင်ရန်အတွက် အထူးရေတပ်တပ်ဖွဲ့များကို တည်ဆောက်နေကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် အာတိတ်ဒေသအတွင်းရှိ ၎င်း၏ ရေငုပ်သင်္ဘောအရေအတွက်ကို ပိုမိုတိုးမြှင့်လာခဲ့ပြီး ကနေဒါနိုင်ငံကမူ ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များအတွက် ရီဆိုလုပင်လယ်အော်၌ လေ့ကျင့်ရေးဌာနချုပ် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

အင်တာနက်။

ကမ္ဘာတစ်ဝန်းမှ နက္ခတ္တသိပ္ပံပညာရှင်များ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်အား လေ့လာစောင့်ကြည့်ခဲ့ကြ

ဆစ်ဒနီ ဇွန် ၆

၂၁၁၇ ခုနှစ်တွင်မှ နောက်တစ်ဖန် မြင်တွေ့ခွင့်ရမည့် ရှားတောင့်ရှားခဲ အာကာသဖြစ်စဉ်တစ်ရပ်ဖြစ်သော နေနှင့်ကမ္ဘာအကြား သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်ကို ကမ္ဘာတစ်ဝန်းမှ နက္ခတ္တသိပ္ပံပညာရှင်ထောင်ပေါင်းများစွာတို့က ဇွန် ၅ ရက်နှင့် ၆ ရက်များတွင် လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

ခုနစ် နာရီနီးပါးမျှ ကြာမြင့်ခဲ့သော အဆိုပါနက္ခတ်တာရာဖြစ်စဉ်ကို အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ ကြည့်ရှုသူ ထောင်ပေါင်းများစွာ ရှိခဲ့သည်။

သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်အား အထင်ရှားဆုံးမြင်တွေ့နိုင်သောနေရာမှာ ယင်းဖြစ်စဉ်နှင့်သမိုင်းကြောင်းအရ ဆက်နွှယ်မှုရှိသည့် ဩစတြေးလျနိုင်ငံဖြစ်ကြောင်း သိရသည်။

၁၈ ရာစုကာလအတွင်း ဗြိတိန်နိုင်ငံသား စွန့်စားရှာဖွေသူ ကပ္ပတိန်ဂျိန်းကွတ်ခ်သည် ဩစတြေးလျတိုက်အား ပထမဆုံးမတွေ့ရှိမီ သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

သောကြာဂြိုဟ်ဖြတ်သန်းမှုဖြစ်စဉ်အား အကြောင်းပြု၍ ကြယ်ဂြိုဟ်များ၏ ရှေ့မျက်နှာစာမှ ဖြတ်သန်းစဉ် ဂြိုဟ်များ၏ လေထုလွှာပြောင်းလဲမှုအခြေအနေများကို သိပ္ပံပညာရှင်များအနေဖြင့် လေ့လာခွင့်ရမည်ဖြစ်သည်။

ဘီစီ ၂၀၀၀မှ ခရစ်နှစ် ၂၀၀၄ ခုနှစ်အကြားကာလအတွင်း သောကြာဂြိုဟ်သည် နေနှင့်ကမ္ဘာအကြားမှ ၅၃ ကြိမ်ဖြတ်သန်းခဲ့ဖူးသော်လည်း ခြောက်ကြိမ်ကိုသာ တွေ့မြင်နိုင်ခဲ့သည်။

အင်တာနက်။

ပါကစ္စတန်ကို လောကီနိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရေး တိုက်တွန်းထားသော ဂျင်းနား၏ သမိုင်းဝင်မိန့်ခွန်း အသံသွင်းတိပ်ခွေ ပြန်လည်ရယူရန် ပါကစ္စတန်ကြိုးပမ်း

အစ္စလာမ္မာဘတ် ဇွန် ၆

ပါကစ္စတန်နိုင်ငံကို စတင်တည်ထောင်ခဲ့သူ မိုဟာမက်အလီဂျင်းနား၏ သမိုင်းဝင်မိန့်ခွန်းတစ်ရပ်ကို အသံသွင်းယူထားသည့် တိပ်ခွေမူပွားအား အိန္ဒိယနိုင်ငံထံမှ ပါကစ္စတန်နိုင်ငံက တောင်းခံထားကြောင်း ဇွန် ၅ ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံအား ပြီးပြည့်စုံသော လောကီနိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်ရေးအတွက် ၎င်း၏ သမိုင်းဝင်မိန့်ခွန်း



ပါကစ္စတန်နိုင်ငံ၏ ဖခင်ကြီး မိုဟာမက်အလီဂျင်းနား။

တွင် မိုဟာမက်အလီဂျင်းနားက ကတိကဝတ်ပြုခဲ့သည်။

လက်ရှိအချိန်ထိ မပျောက်မပျက်ကျန်ရစ်ဆဲဖြစ်သည့် ဂျင်းနား၏ သမိုင်းဝင်မိန့်ခွန်းအသံသွင်းတိပ်ခွေများအနက် မူပွားတစ်စုံအား မျှဝေပေးအပ်ရန် ပါကစ္စတန်အသံလွှင့် ကော်ပိုရေးရှင်းက အိန္ဒိယနိုင်ငံ အောလ်အင်ဒီးယား အသံလွှင့်ဌာနသို့ မေတ္တာရပ်ခံထားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံကို ခေတ်မီသော၊ ဗဟုယဉ်ကျေးမှုရှိသော၊ ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ဦးဆောင်လမ်းကျောင်းလိုသူများအတွက် မိုဟာမက်အလီဂျင်းနား၏ မိန့်ခွန်းသည် အလွန်အရေးပါကြောင်း ပါကစ္စတန်အသံလွှင့် ကော်ပိုရေးရှင်း ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

အဆိုပါမိန့်ခွန်းကို ၁၉၄၇ ခုနှစ်တွင် ကရာချိမြို့၌ ပြောကြားခဲ့ခြင်းဖြစ်ပြီး ပါကစ္စတန်ကို ဒီမိုကရေစီကျင့်သုံးသော၊ ခန္တီတရားရှိသော၊ အုပ်ချုပ်ရေးအရ ခိုင်မာသောနိုင်ငံအဖြစ် တည်ဆောက်နိုင်ရေးဟူသည့် ဂျင်းနား၏ အယူအဆများမှာ ယင်းမိန့်ခွန်း၌ ထင်ဟပ်လျက်ရှိသည်။

သို့ရာတွင် နောက်ပိုင်းပါကစ္စတန်ခေါင်းဆောင်များသည် အဆိုပါမိန့်ခွန်း၏ အနှစ်သာရနှင့် ရည်ရွယ်ချက်တို့အား လျစ်လျူရှုခဲ့ပြီး မိုဟာမက်အလီဂျင်းနားကွယ်လွန်ပြီးနောက် ၁၉၅၆ခုနှစ်တွင် အစ္စလာမ္မစ်နိုင်ငံအဖြစ် ပါကစ္စတန်ကို ပြောင်းလဲခဲ့ကြသည်။

မိုဟာမက်အလီဂျင်းနား၏ မိန့်ခွန်းအသံသွင်းတိပ်ခွေများကို ပါကစ္စတန်အသံလွှင့် ကော်ပိုရေးရှင်းက သိမ်းဆည်းခဲ့ဖူးသော်လည်း နောက်ပိုင်း၌ ဖျက်ဆီးပစ်ခဲ့ကြသည်။

အင်တာနက်။

ဆီးရီးယားပြည်တွင်းရေးဂယက်ရိုက်မှုကြောင့် ဂိုလန်ကုန်းမြင့်၌ မတည်ငြိမ်မှုများပေါ်ပေါက်နေ

ဂျေရုဆလင် ဇွန် ၆

ဂိုလန်ကုန်းမြင့်ဒေသ စစ်ရပ်စဲရေးဇုန်၏ ဆီးရီးယားနိုင်ငံဘက်ခြမ်း၌ မတည်ငြိမ်မှုများ ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်း အစ္စရေးလက်နက်ကိုင်တပ်ဖွဲ့များ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘင်နီဂန့်ဇ်က ဇွန် ၅ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံနယ်စပ်နှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသော စစ်ရပ်စဲရေး ဇုန်အပါအဝင် ဂိုလန်ကုန်းမြင့်ဒေသ၌ ဆီးရီးယားနိုင်ငံ ပြည်တွင်းရေးအခြေအနေ၏ ဂယက်ရိုက်ခတ်မှုကြောင့် မတည်ငြိမ်မှုများ တိုးမြင့်ဖြစ်ပေါ်လျက်ရှိကြောင်း အစ္စရေးပါလီမန်လွှတ်တော် ပြည်ပရေးရာနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီသို့ ဗိုလ်ချုပ်ဘင်နီဂန့်ဇ်က ပြောကြားခဲ့သည်။

အစ္စရေးကာကွယ်ရေးဦးစီးချုပ်၏ အဆိုအရ ဂိုလန်ကုန်းမြင့်ဒေသ၌ ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများသည် အကြမ်းဖက်လှုပ်ရှားမှုအဆင့်သို့ မရောက်သေးသော်လည်း ရောက်ရှိနိုင်သည့်အခြေအနေရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သမ္မတဘာရှားအယ်လ်အက်ဆတ်၏ ဆီးရီးယားအစိုးရ ပြိုကွဲပါက အယ်လ်ခိုင်ဒါကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများ ဂိုလန်ကုန်းမြင့်ဒေသအား ချုပ်ကိုင်လာမည့်အရေး စိုးရိမ်ရကြောင်း အစ္စရေးနိုင်ငံ တောင်ပိုင်းစစ်ဒေသ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက သတိပေးခဲ့ပြီးနောက် ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားပေါ်ထွက်လာခြင်းဖြစ်သည်။ **အင်တာနက်။**

နောက်ဆုံးတိုင်းတာချက်များအရ တရုတ်မဟာတံတိုင်းကြီး ပိုမိုရှည်လျား

ပေကျင်း ဇွန် ၆

တရုတ်နိုင်ငံ၏ နာမည်ကျော် မဟာတံတိုင်းကြီးသည် ယခင်ကတွေးထင်ခဲ့သည်ထက် ပိုမိုရှည်လျားကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၅ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

နောက်ဆုံးပြုလုပ်ခဲ့သော တိုင်းတာချက်ရလဒ်များအရ မဟာတံတိုင်းကြီး၏ စုစုပေါင်း အရှည်သည် ၂၁၁၉၆ ဒသမ ၁၈ ကီလိုမီတာရှိကြောင်းဆင်ဟွာ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် လေ့လာချက်တစ်ရပ်၌ မဟာတံတိုင်းကြီး၏ အရှည်မှာ ၈၈၅၀ ကီလိုမီတာရှိကြောင်း ခန့်မှန်းဖော်ပြထားသည်။

၂၀၀၇ ခုနှစ်မှစ၍ လုပ်ဆောင်ခဲ့သော ရှေးဟောင်းသုတေသနဆိုင်ရာတိုင်းတာမှုများအပေါ် အခြေခံ၍ တရုတ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များ စီမံအုပ်ချုပ်ရေးဌာနက မဟာတံတိုင်း၏ အရှည်ပမာဏ အတိအကျအား ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းအပြင် ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာချက်များအရ မဟာတံတိုင်းကြီးတစ်လျှောက်၌ ယဉ်ကျေးမှုအမွေအနှစ်နေရာ ၄၃၇၂၁ နေရာရှိကြောင်း သိရသည်။

လီပေါင်း ၁၀၀၀၀ တံတိုင်းကြီးအဖြစ် တရုတ်နိုင်ငံသားများက သိရှိသော မဟာတံတိုင်းကြီးသည် လူသားတို့ တည်ဆောက်ခဲ့သည့် အဆောက်အအုံများအနက် အကြီးဆုံးဖြစ်ပြီး တရုတ်နိုင်ငံ၏ မြောက်ဘက်နယ်ခြားကို ကာကွယ်နိုင်ရန် ဘီစီ ၅၀၀ တွင် စတင်တည်ဆောက်ခဲ့သည်။

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က မဟာတံတိုင်းကြီးကို ကမ္ဘာ့အမွေအနှစ်များစာရင်း၌ ၁၉၈၇ ခုနှစ်တွင် ထည့်သွင်းခဲ့သည်။

အင်တာနက်။



နိုင်ငံပိုင်ငွေ ဒေါ်လာ ၄ ဘီလီယံခိုးယူခံခဲ့ရဟု တောင်ဆူဒန်သမ္မတ ပြောကြား

ဂျူဘာ(တောင်ဆူဒန်) ဇွန် ၆

တောင်ဆူဒန်နိုင်ငံ တွင် မသမာသူ တာဝန်ရှိပုဂ္ဂိုလ်အချို့သည် နိုင်ငံတော်ပိုင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄ ဘီလီယံကို ခိုးယူခဲ့ကြကြောင်း သမ္မတဆာလ်ဗာကီးယားက ထုတ်ဖော်ပြောကြားခဲ့ပြီး ပြန်လည်ပေးအပ်ကြရန် မေတ္တာရပ်ခံခဲ့သည်။

ပြည်သူအများစုသည် ဆင်းရဲဒုက္ခရောက်နေကြကြောင်း၊ အစိုးရအရာရှိအချို့ကမူ ၎င်းတို့၏ ကိုယ်ကျိုးကိုသာ အာရုံစိုက်နေကြကြောင်း သမ္မတကီးယားက ဇွန် ၄ ရက်က ပြောကြားခဲ့သည်။

ခန့်မှန်းခြေဒေါ်လာ ၄ ဘီလီယံခန့်မှာ ပျောက်ဆုံးနေကြောင်း၊ လက်ရှိအရာရှိကြီးများ၊ အရာရှိဟောင်းကြီးများနှင့် အစိုးရအဖွဲ့နှင့် နီးစပ်သောမသမာသူပုဂ္ဂိုလ်ကြီးများက ခိုးယူထားခြင်းဖြစ်ကြောင်း ဆူဒန်သမ္မတက ပြောကြားခဲ့သည်။

နိုင်ငံတော်ပိုင်ငွေများကို ပြန်လည်ရယူရေးအတွက် ကြိုးစားသည့်အနေဖြင့် အစိုးရအရာရှိဟောင်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ အရာရှိ စုစုပေါင်း ၇၅ ဦးထံ မေ ၃ရက်ရက်စွဲဖြင့် သမ္မတရုံးက မေတ္တာရပ်ခံစာတစ်စောင်ပေးပို့ခဲ့သည်။

ပျောက်ဆုံးငွေအများစုကို နိုင်ငံတွင်းမှ ထုတ်၍ ပြည်ပဘဏ်များတွင် စာရင်းဖွင့်အပ်နှံထားသည်ဟု သမ္မတ၏စာတွင် ရေးသားထားသည်။ **အင်တာနက်။**

တောင်သူတွေအားထား ပုလဲသွယ်စပ်မျိုးစပါး

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ဖေထွေး(ဇော်)

နေပြည်တော်ကောင်စီနယ်မြေတွင် ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးကို ဧက ၁၀၀၀၊ ဧက ၅၀၀၊ ဧက ၃၀၀ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးအောင်မြင်နေမှုများကို တီဗွီ၊ သတင်းစာ၊ ဂျာနယ်၊ ရေဒီယိုတို့မှ ကြားသိမြင်တွေ့ဖတ်မှတ်နေကြရသော ကျေးလက်ဒေသတောင်သူများမှ ပုလဲသွယ်စပ်မျိုးစပါးကို အထူးစိတ်ဝင် စားနေကြသူများအနက် ရေစကြိုမြို့နယ် မင်းရွာမှ တောင်သူ ဦးအောင်ဝင်းသည် ပိုမိုစိတ်ဝင်စားသူဖြစ်ပြီး တစ်ဦးတည်း ၆ ဒသမ ၅၀ ဧက စိုက်ပျိုးကာ တစ်မြို့နယ်လုံးတွင် စိုက်ဧက အများဆုံးတောင်သူဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်၏ သတင်းစကားကြောင့် ဒုတိယဦးစီးမှူး ဦးတင်ထွန်း၊ လက်ထောက်ဦးစီးမှူးများနှင့်အတူ မင်းရွာသို့ ခရီးနှင်ခဲ့ကြသည်။

မင်းရွာလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာကွင်းအမှတ်(၂၄) ဦးပိုင်အမှတ် ၄၉-၆၃(ဂုတ်ရိုက်ကွင်း) တွင် တောင်သူ ဦးအောင်ဝင်းကို ကောက်စိုက်လုံမေများနှင့်အတူ ကြိုးတန်းဆွဲ၍ စပါးစိုက်ပျိုးနေစဉ် တွေ့ဆုံမေး မြန်းခဲ့ပါသည်။

မေး။ ။ ဦးအောင်ဝင်းခင်ဗျာ- ပုလဲသွယ်စပ်မျိုးစပါးကို စိတ်ဝင်တစားစိုက်ပျိုးခဲ့ပုံကို သိပါရစေ။

ဖြေ။ ။ နေပြည်တော်ကောင်စီနယ်မြေမှာ ပုလဲသွယ်အထူးအထွက်တိုးစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို တီဗွီ၊ သတင်းစာ၊ ရေဒီယိုများမှတစ်ဆင့် ကြားသိမြင်တွေ့ရကတည်းက စိတ်ဝင်စားခဲ့သလို ပြီးခဲ့တဲ့ မိုးရာသီမှာ မနောသုခစပါးမျိုးနဲ့ ၁၀ ဧက စိုက်ပျိုးခဲ့ပါတယ်။ ရာသီဥတုက မကောင်းတော့ စပါးအထွက်က လျော့နည်းခဲ့ပါတယ်။ တစ်ဧကမှာ ၃၈၊ ၄၀ တင်းလောက်ပဲထွက်တော့ အရှုံးပေါ်ခဲ့ပါတယ်။ မိုးစပါးအပြီး ကုလားပဲ ခုနစ်ဧကစိုက်ပျိုးတဲ့အခါ တစ်ဧက ၁၆ တင်းလောက်ထွက်ပြီး တစ်တင်း ၁၉၀၀၀ ကျပ်ဈေးနဲ့ ရောင်းရတော့ ကုလားပဲက မဆိုးဘူးပေါ့ဗျာ။ ပုလဲသွယ်စပ်မျိုးစပါးက တစ်ဧက တင်း ၂၀၀ နဲ့အထက် ထွက်တယ်ဆိုတော့ မိုးစပါးအရှုံးကိုလည်း ထေမိအောင် လက်တွေ့လည်း ကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုးချင်တာနဲ့ ၆ ဒသမ ၅၀ ဧကကို ဒီကွင်းမှာ ကျွန်တော်တစ်ဦးပဲ စိုက်ပျိုးခဲ့ပါတယ်။

မေး။ ။ မျိုးစေ့ကို ဘယ်က ရယူစိုက်ပျိုးခဲ့ပါသလဲ။

ဖြေ။ ။ နေပြည်တော်ကောင်စီနယ်မြေ ဧက ၁၀၀၀ ညောင်ပင်စုမှ ဝယ်ယူစိုက်ပျိုးခဲ့ပါတယ်။

မေး။ ။ စိုက်ပျိုးပုံစနစ် အဆင့်ဆင့်ကိုလည်း သိပါရစေခင်ဗျာ။

ဖြေ။ ။ စိုက်ပျိုးပုံစနစ်အဆင့်ဆင့်ကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနရဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေး(GAP)စနစ် (၁၄)ချက်နဲ့အညီ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ထွန်းရဲ့ အကူအညီနဲ့ စိုက်ပျိုးခဲ့ပါတယ်။

မျိုးစေ့ကို ပထမ အညှောင့်ဖောက်ပါတယ်။ အညှောင့်ဖောက်ပြီးသားမျိုးစေ့ကို အသင့်ပြင်ဆင်ထားတဲ့ ပျိုးပေါင်မှာ သံဆန်ခါကွက်ရိုက်ပြီး မျိုးစေ့ချ ပျိုးထောင်ပါတယ်။ တစ်ဧကအတွက် မျိုးခြောက်ပြည်ပဲအသုံးပြုရတဲ့အတွက် မိရိုးဖလာပျိုးထောင်ပုံနဲ့စာရင် မျိုးစေ့ဖိုးအများကြီး သက်သာသလို ပျိုးသက် ၂၀ ရက်သားမှာ ချင်ချင်းနုတ်၊ ချက်ချင်းစိုက်ပျိုးရတဲ့အတွက် ယခင်က စိုက်ပျိုးစနစ်နဲ့ အတော်ကွာခြားပါတယ်။ ယခင်ကတော့ ပျိုးသက်တစ်လသားမှာ နုတ်တယ်၊ ပျိုးချေးခါတော့ အပင်နာတယ်၊ နုတ်ပြီး သုံးလေးရက်ကြာမှ စိုက်တော့ ပျိုးပင်သဘာဝ ပျက်စီးပြီး ပျိုးပင်အထနှေးစေပါတယ်။ ဒါ လက်တွေ့စိုက်ပျိုးလို့ သိရှိရတဲ့ ကောင်းသော အတွေ့အကြုံတစ်ရပ်ပေါ့ပဲ။ စိုက်ပျိုးတဲ့အခါ တစ်ဧကမှာ ကောက်ကွက် ၁ ဒသမ ၂ သိန်းမှ ၁ ဒသမ ၅ သိန်းထိ ဝင်ဆံ့အောင် ကြိုးတန်းဆွဲ၍ ၆" × ၆" စနစ်နဲ့ ဆယ်တန်း တစ်တန်းလှပ်စိုက်ပျိုးခဲ့ပါတယ်။ အချိန်နဲ့တစ်ပြေးညီ သွင်းအားစု ကျွေးခြင်း၊ ပေါင်းနုတ်ခြင်း၊ တမန်းနှိုးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ခြင်း၊ ရေသွင်း/ရေထုတ်စနစ်ကို မှန်ကန်စွာ ကျင့်သုံးခြင်းတို့ကို ပြုလုပ်စိုက်ပျိုးခဲ့တဲ့ ကျွန်တော့်ရဲ့ ၆၅ ရက်သား စပါးခင်းဟာ အစိမ်းရောင်မည်းမှောင်ပြီး ကျန်းမာသန်စွမ်းလျက်ရှိနေပါတယ်။ **(အပေါ်ပုံ)**

မေး။ ။ အထွက်နှုန်းကို ဘယ်လောက်ထိ မျှော်မှန်းထားပါသလဲ။

ဖြေ။ ။ ယခု ကျွန်တော့်စပါးခင်းရဲ့ ပင်ပွားအား ဖြစ်ထွန်းမှုနဲ့အတူ အပင်အားလုံး အောင်စေ့ရခဲ့ရင် တစ်ဧက တင်း ၂၀၀ အထက် ထွက်နိုင်လိမ့်မယ်လို့ခန့်မှန်းပါတယ်။

မေး။ ။ ပုလဲသွယ်စပ်မျိုးစပါးကို အားထားယုံကြည်စွာနဲ့ စိတ်ဝင်တစား လက်တွေ့စိုက်ပျိုးမှုနဲ့ ပတ်သက်လို့ အခြားဘာများ ပြောချင်ပါသလဲခင်ဗျာ။

ဖြေ။ ။ ကျွန်တော်ပြောချင်တာကတော့ ဘယ်အလုပ်မဆို စနစ်တကျနဲ့ လိုလိုချင်ချင်အားထည့် ကြိုးပမ်းလုပ်ဆောင်မယ်ဆိုရင် အောင်မြင်ပါတယ်။ တကယ်လုပ် အဟုတ်ဖြစ်တာ လက်တွေ့ပါပဲ။ ရိုးသားရမယ်။ နိုးကြားရမယ်။ ကြိုးစားရမယ်ပေါ့ဗျာ။ နောက်ပြောချင်တာကတော့ မိုးရာသီတွင်မက နွေစပါးအတွက်ပါ စိုက်ပျိုးစရိတ်ချေးငွေကို အစိုးရက ထုတ်ချေးပေးစေချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ယခု စပါးပင်တွေဖြစ်ထွန်းအောင်မြင်နေပါပြီ။ မကြာမီပွင့်ကြသီးကြတော့မှာပါ။ အကယ်၍များ ပိုးမွှားရောဂါကျမယ်ဆိုရင် ကာကွယ်ဖို့လိုအပ်ပါတယ်။ အခု ကျွန်တော့်မှာပိုးသတ်ဆေးဝယ်ဖို့ ငွေမရှိတော့ပါဘူး။ ဥပမာပြောရရင် ရှေ့တန်းစစ်မြေပြင်တစ်နေရာမှာ အလွန်အရေးကြီးတဲ့ တိုက်ပွဲတစ်ပွဲကို ဆင်နွှဲနေတဲ့စစ်သားတစ်ယောက်သူ့လက်ထဲမှာ သေနတ်တော့ရှိတယ်။ ဒါပေမယ့် ကျည်ဆန်မရှိလို့ မပစ်ရတာမျိုးလိုဖြစ်မှာစိုးပါတယ်။ သွင်းအားစုနဲ့ ပိုးသတ်ဆေးဝယ်ဖို့ ငွေရှိရင် အဆင်ပြေတာပေါ့။ အကြွေးဝယ်တော့ ဈေးကများ ကိုယ်စားရမှာ ဘေးက စားတာပေါ့ဗျာ။ အခုဆို တီဗွီ၊ သတင်းစာတွေမှာ တွေ့နေရပါတယ်။ နေပြည်တော်ကောင်စီနယ်မြေမှာ ပုလဲသွယ်စပါး တင်း ၁၀၀ ကျပ်လေးသိန်းဈေးနဲ့ ကြိုတင်ငွေ နှစ်သိန်းထုတ်ပေးနေတာ၊ ရန်ကုန်တိုင်းဒေသကြီးမှာ ဧရာဟသ်ာကုမ္ပဏီက စပါးတင်း ၁၀၀ ကျပ်ငါးသိန်းကျော်ဈေးနဲ့ ကြိုတင်ငွေပေးနေတာ၊ ဧရာဝတီတိုင်းဒေသကြီးမှာ အလားတူ ဆောင်ရွက်နေတာတွေဟာ တောင်သူတွေအတွက် မင်္ဂလာသတင်းပါ။ ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုပါတယ်။ ဒါမှ တောင်သူတွေ အဆင်ပြေမှာလေ။ အဲဒီလိုမျိုး ဒေသအားလုံးက တောင်သူအားလုံးအတွက် ဈေးကွက်ခိုင်မာဖို့၊ သေချာဖို့ အစိုးရအနေနဲ့ စီမံပေးစေချင်ပါတယ်။ ဘာပြုလို့လည်းဆိုတော့ အခုကျွန်တော့်လယ်မြေက စပါးတင်း ၁၃၀၀ ကျော်ထွက်လာမယ်။ ဘယ်ဈေးနဲ့ ရောင်းရမလဲ၊ ဘယ်မှာရောင်းရမလဲ၊ မသေချာ၊ မရေရာသေးဘူး။ ဒါ့ကြောင့် စိုက်ပျိုးထုတ်လုပ်သူနဲ့ ဝယ်ယူသူအကြား သင့်တင့်မျှတတဲ့ တစ်ပြေးညီ ဈေးနှုန်းနဲ့ ထွက်သမျှ ဝယ်လက်ရှိနေမှသာ တောင်သူတွေဘဝ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး တစ်နှစ်ထက်တစ်နှစ် စိုက်အားတွေလည်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်ဟု ပုလဲသွယ်စပ်မျိုးစပါးကို အထူးစိတ်ဝင်စားစွာဖြင့် သိပ္ပံနည်းကျစိုက်ပျိုးရေး(GAP)စနစ် (၁၄)ချက်နှင့်အညီ ကြိုးစားပမ်းစားစိုက်ပျိုးခဲ့သော ရေစကြိုမြို့နယ်အတွင်းမှာ စိုက်ဧက အများဆုံးစိုက်ပျိုးပြီး ပထမဆုံးသော စက်မှုလယ်ယာစနစ်ကို ကိုယ့်အားကိုယ်ကိုးကူးပြောင်းနေသော မင်းရွာကျေးရွာမှ ဦးအောင်ဝင်းအား တွေ့ဆုံစေ့ငုမှတ်တမ်းပြု၍ ရေးသားအပ်ပါသည်။ ။

မြန်မာနိုင်ငံတွင်း ဖြတ်သန်းဖောက်လုပ်သွားမည့် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံတို့၏ နိုင်ငံဖြတ်ကျော် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးလမ်းမကြီး ငါးသွယ်

အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံဖြတ်ကျော် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး လမ်းမကြီးငါးသွယ် မြန်မာနိုင်ငံကို ဖြတ်သန်းချိတ်ဆက်လျက်ရှိသည်။

မြန်မာနိုင်ငံကို ဖြတ်သန်းဆက်သွယ်မည့် အပြည်ပြည်ဆိုင်ရာ အဝေးပြေးလမ်းမကြီးကွန်ရက် ငါးခုရှိပြီး အဆိုပါ လမ်းမကြီးများသည် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍတွင် အရေးပါသည့် ကုန်သွယ်ရေးလမ်းမကြီးများ ဖြစ်လာနိုင်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ အဆိုပါ လမ်းမကြီးများစီမံကိန်းကို မြန်မာနိုင်ငံသို့ ဖြတ်သန်းဆက်သွယ်ရာတွင် လာမည့် ၂၀၁၅ ခုနှစ်အမီ အပြီးသတ်သွားမည်ဖြစ်ပြီး ၂၀၁၅ အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရေးရည်မှန်းချက်နှင့်အတူ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဧရိယာ ဖော်ဆောင်နိုင်ရေးတွင် အရေးပါသော ကုန်သွယ်ရေးလမ်းမကြီးများအဖြစ် တည်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်မှုကဏ္ဍအပြင် အာဆီယံနိုင်ငံများနှင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ကုန်သွယ်ရေးလမ်းမကြီးများ ဖြစ်လာမည်ဟု သိရသည်။

မြန်မာနိုင်ငံကို ဖြတ်သန်းချိတ်ဆက်သွားမည့် အဝေးပြေးကုန်သွယ်ရေးလမ်းမကြီး ငါးခုမှာ မဟာမဲခေါင်မြစ်ဝှမ်းဒေသ လမ်းမကြီး၊ အာရှအဝေးပြေးလမ်းမကြီး၊ အာဆီယံ အဝေးပြေးလမ်းမကြီး၊ ဘင်းမ်စတက်အဝေးပြေး လမ်းမကြီး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးစီမံကိန်းများဖြစ်သည်။

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို မြန်မာနိုင်ငံမှ ဖြတ်သန်းချိတ်ဆက်ပေးမည့် မဟာမဲခေါင်မြစ်ဝှမ်းဒေသ လမ်းမကြီးစီမံကိန်းတွင် မြန်မာနိုင်ငံအတွင်း လမ်းပိုင်းသုံးပိုင်း ပါရှိမည်ဖြစ်ပြီး မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့ဝင်ပေါက်မှတစ်ဆင့် ရှမ်းပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းကာ တရုတ်နိုင်ငံသို့ မိုင်းလား ထွက်ပေါက်နှင့် မူဆယ်ထွက်ပေါက်တို့မှ ချိတ်ဆက်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ချိတ်ဆက်ပေးမည့် အာရှအဝေးပြေးလမ်းမကြီးစီမံကိန်းတွင် မြန်မာနိုင်ငံအတွင်းသို့ ဖြတ်သန်းသွားမည့် လမ်းပိုင်းသုံးပိုင်း ပါဝင်နေသည်။ အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့မှစတင်ကာ ဂန့်ဂေါမြို့ကို ဖြတ်သန်း၍ မန္တလေးမြို့တွင် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် ပေါင်းဆုံမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် ရှမ်းပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းကာ တရုတ်နိုင်ငံသို့ ချိတ်ဆက်မည်ဖြစ်သည်။ ထိုင်းနိုင်ငံသို့ ချိတ်ဆက်ရာတွင် ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ မိတ္ထီလာမြို့မှ ရှမ်းပြည်နယ်တောင်ပိုင်းကို ဖြတ်သန်းကာ မြန်မာ-ထိုင်း နယ်စပ် တာချီလိတ်မြို့မှတစ်ဆင့် ချိတ်ဆက်သွားမည်ဖြစ်သည်။

အာဆီယံ အဝေးပြေးလမ်းမကြီး စီမံကိန်းတွင်လည်း မြန်မာနိုင်ငံသို့ ဖြတ်သန်းသွားမည့် လမ်းပိုင်း သုံးပိုင်းပါဝင်နေသည်။ အိန္ဒိယ-မြန်မာနယ်စပ်မှ မန္တလေး၊ မန္တလေးမြို့မှ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ချိတ်ဆက်မည့် လမ်းပိုင်းသည် အာရှအဝေးပြေးလမ်းမကြီးစီမံကိန်းတွင် ပါဝင်နေပြီးဖြစ်သည်။ မန္တလေးမြို့မှ ရန်ကုန်၊ ရန်ကုန်မှ ဘားအံ- မြဝတီလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်-ထားဝယ်-ကော့သောင်း လမ်းပိုင်းများသည် ထိုင်းနိုင်ငံနှင့် ချိတ်ဆက်သွားမည့် လမ်းပိုင်းများပင်ဖြစ်သည်။

ဘင်းမ်စတက်လမ်းမကြီးမှာ ရခိုင်ပြည်နယ် တောင်ပြိုမှ မင်းပြား-အမ်း-ပဒန်းမြို့မှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကံမမြို့၊ ပြည်မြို့တို့နှင့် ချိတ်ဆက်ကာ အုတ်တွင်းမြို့၊ ထန်းတပင်မြို့တို့တွင် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ပေါင်းဆုံမည်ဖြစ်သည်။ ထန်းတပင်မြို့တွင် အာရှအဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းမကြီး၊ အိန္ဒိယ- မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးများနှင့် ပေါင်းဆုံသွားမည်ဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးသည် အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့မှ ကလေးဝမြို့၊ မုံရွာမြို့တို့ကိုဖြတ်သန်းကာ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရွာတော်မြို့တို့မှတစ်ဆင့် တောင်ငူမြို့တွင် ရန်ကုန်- မန္တလေး လမ်းမကြီးနှင့် ပေါင်းဆုံသွားမည်ဖြစ်သည်။ ထန်းတပင်မြို့တွင် ယင်းလမ်းမကြီးမှ ခွဲထွက်၍မွန်ပြည်နယ် သိမ်ဇရပ်မြို့၌ ရန်ကုန်-ဘားအံ- မြဝတီလမ်းမကြီးနှင့် ပေါင်းဆုံသွားမည်ဖြစ်သည်။ မော်လမြိုင်-မုဒုံ-မဲသရော-ကော့ကရိတ်-မြဝတီ လမ်းပိုင်းနှင့်လည်း ချိတ်ဆက်ကာ ထိုင်းနိုင်ငံသို့ ဆက်သွယ်သွားမည်ဖြစ်သည်။ ယခုနှစ် မေ ၂၈ ရက်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၏ ချစ်ကြည်ရေးခရီးစဉ်တွင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းဖောက်လုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေမှုကို နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြပြီး ၂၀၁၆ ခုနှစ်မတိုင်မီ သုံးနိုင်ငံထိတွေ့ဆက်ဆံမှုကို စတင်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့အတွက် တမူး-ကလေးဝ ချစ်ကြည်ရေးကားလမ်းပေါ်ရှိ တံတား ၇၁ စင်း ပြုပြင်အဆင့်မြှင့်တင်မှုလုပ်ငန်းများကို အိန္ဒိယနိုင်ငံမှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ ကလေးဝ-ယာကြီး လမ်းပိုင်းကိုလည်း အိန္ဒိယမှ လည်းကောင်း၊ ယာကြီး-မုံရွာလမ်းပိုင်းကို မြန်မာနိုင်ငံမှ လည်းကောင်း အဝေးပြေးလမ်းမကြီးအဖြစ် ၂၀၁၆ ခုနှစ်မတိုင်မီ အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းစီမံကိန်းသည် အိန္ဒိယနိုင်ငံ မိုရေးမြို့မှ မြန်မာနိုင်ငံသို့ ဖြတ်သန်းကာ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ဆက်သွယ်မည့် သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး ဖောက်လုပ်မှုကို အထောက်အကူပြုသွားမည်ဖြစ်သည်။

အဆိုပါ လမ်းမကြီးငါးသွယ် ဖြတ်သန်းသွားမည့် မြန်မာနိုင်ငံတွင်း လမ်းပိုင်းများတွင် ဖောက်လုပ်ပြီး လမ်းများ ပါဝင်နေသလို ဖောက်လုပ်ဆဲဖြစ်သော လမ်းပိုင်းများကိုလည်း ၂၀၁၅ ခုနှစ်မတိုင်မီ အပြီးသတ်သွားမည်ဟု သိရသည်။ လမ်းပိုင်းတွင် ပါဝင်နေသည့် စီမံကိန်းဝင် ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်မှုကိုလည်း အပြီးသတ်သွားမည်ဟု သိရသည်။ လမ်းပိုင်းများကိုလည်း ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့သည်ဟု သိရသည်။ ဖောက်လုပ်ပြီးလမ်းများတွင် အာဆီယံစံနှုန်းကိုက်ညီ သတ်မှတ်ထားသော Class III အဆင့်နှစ်လမ်းသွား ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး လမ်းပိုင်းများတွင် လမ်းနံပါတ်များ၊ လမ်းညွှန်အမှတ်အသားများ အာဆီယံစံနှုန်းကိုက် တစ်ပြေးညီဖြစ်စေရေးကိုလည်းဆောင်ရွက်ထားရှိသွားမည်ဟု သိရသည်။ စံနှုန်းညီ လမ်းမကြီးများအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်ရာတွင် အဝေးပြေးလမ်းမကြီးများ၏ လမ်းအင်္ဂါရပ်များနှင့် ညီညွတ်ရန် လိုအပ်ပြီး လမ်းအသုံးပြုသူများ အနေဖြင့်လည်း လမ်းအမှတ်အသားများ၊ လမ်းမကြီးဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာရန် လိုအပ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံဖြတ်ကျော် ကုန်သွယ်ရေးလမ်းမကြီးများ ချိတ်ဆက်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဖြတ်သန်းအသုံးပြုရုံသက်သက်မဟုတ်ဘဲ အဆိုပါ လမ်းမကြီးများကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။ **(အိရွှေစင်ဝင်း)**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဖလမ်း၌ ကျင်းပ

နေပြည်တော် ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သဘာဝပတ်ဝန်းကျင်မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေး၊ သင်တို့အားလုံး ပါဝင်ဆောင်ရွက်ပေးဟူသော ဆောင်ပုဒ်နှင့်အညီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲတွင် ဖလမ်းမြို့ တလန်လိုရပ်ကွက် တစ်မိုင်ဘုန်းကြီးကျောင်း ဇမ္ဗူသီရိစေတီအနီး၌ကျင်းပရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့် ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ အင်အား ၃၀၀ ကျော်ဖြင့် ခါတော်မီပင် ၇၀၀၊ ချယ်ရီပင် ၇၀၀၊ မက်ခါက်ပင် ၁၄၀ နှင့် ထင်းရှူးပင် ၆၀၀ စုစုပေါင်းသစ်ပင် ၂၁၄၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

မိတ္ထီလာတွင် ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်း

မိတ္ထီလာ ဇွန် ၆

မိတ္ထီလာမြို့ ညောင်ကိုင်းကျေးရွာ တောင်သူ ဦးသန်းအောင်၏ ၂ ဒသမ ၅၈ ဧက ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းတွင် စံကွက်ရိတ်သိမ်းခြင်းကို ဇွန် ၅ ရက် နံနက် ၉ နာရီတွင် စုပေါင်းဆောင်ရွက်ကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစန်းလွင်၊ ခရိုင်/မြို့နယ်အဆင့် မြေစာရင်းဦးစီးဌာန တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

အဆိုပါ ပုလဲသွယ်စပ်မျိုးစပါးစံကွက်မှ တစ်ဧကအထွက်နှုန်း ၁၆၀ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။ (၅၇၉)

ပြည်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပြုလုပ်

ပြည် ဇွန် ၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ်တွင် တရားမဝင်တင်သွင်းထားသည့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်အခများပေးဆောင်စေပြီး မှတ်ပုံတင်များပြုလုပ်ပေးခြင်းကို ဇွန် ၅ ရက်မှစ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး(ပြည်)ရုံးတွင် ONE STOP SERVICES အဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

ယင်းသို့ဆောင်ရွက်ပေးရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း တရားမဝင်တင်သွင်းထားသည့် တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံလုပ်မော်တော်ဆိုင်ကယ်များအပေါ် သတ်မှတ်ထားသည့် စည်းကြပ်တန်ဖိုးများဖြင့် ဇွန် ၅ ရက်မှစ၍ လေးလကာလအတွင်း မော်တော်ဆိုင်ကယ်မှတ်ပုံတင်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းအောင်လွင်(ပြည်)

ဆေးပညာသတင်းဆန်းများ (၂၅)

ဒေါက်တာ ကံညွန့်

အေအိုင်ဒီအက်စ်ကာကွယ်ဆေးပေါ်လာပြီ

အေအိုင်ဒီအက်စ်ရောဂါဟာ ဆယ်စုနှစ်သုံးစုတိုင် လူသားတွေကို ဒုက္ခပေးလာခဲ့တဲ့ ရောဂါပါ။ ဆေးသိပ္ပံပညာရှင်တွေဟာ ဒီရောဂါကာကွယ်ဆေးကို ထုတ်လုပ်ဖို့ အမျိုးမျိုးကြိုးစားခဲ့ပေမယ့် ရာနှုန်းပြည့်အောင်မြင်မှု မရရှိနိုင်ခဲ့သေးပါဘူး။ ၂၀၀၉ ခုနှစ်က ထိုင်းနိုင်ငံမှာ စမ်းသပ်ခဲ့တဲ့ Vaccine ကလည်း စမ်းသပ်ခံလူတွေရဲ့ သုံးပုံတစ်ပုံလောက်ကိုသာကာကွယ်ပေးနိုင်ခဲ့လို့ အများအတွက်အသုံးပြုဖို့ မသင့်တော်ဘူးလို့ ဆုံးဖြတ်ခဲ့တာပါ။ အခုတစ်ခါ အမေရိကန်နိုင်ငံ ဆေးသုတေသနပညာရှင်တစ်ဦးက အေအိုင်ဒီအက်စ်ကာကွယ်ဆေးတစ်ခုကို ဖော်နိုင်ခဲ့ပြီ။ ဒီကာကွယ်ဆေးဟာ ကြွက်တွေမှာတော့ ရာနှုန်းပြည့်ကာကွယ်နိုင်စွမ်းရှိခဲ့ပြီလို့ ကြေညာလိုက်ပါတယ်။ ဒါကို အမေရိကန်နိုင်ငံ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအကြီးအကဲ Dr.Anthony Fauci ကလည်း ကြိုဆိုလိုက်ပါတယ်။

ဒီ Vaccine ရဲ့ အခြေခံအချက်ကလူရဲ့ကိုယ်ခံအား Immunity ကို မြှင့်တင်ပေးတာဖြစ်ပြီး HIV ပိုးရဲ့ တိုက်ခိုက်နိုင်မှုစွမ်းရည်ပေါ်မှာ တိတိကျကျခံနိုင်တဲ့အား (Specific Immunity for HIV)ကို မြှင့်တင်ပေးဖို့ရာဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

လက်ပ်တော့ပ်ကြောင့် အမျိုးသားများထိခိုက်နိုင်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သိပ္ပံပညာတိုးတက်လာတာနဲ့အမျှ Computer, Laptop, Handphone အသုံးပြုသူတွေလည်း များလာပါတယ်။ ယခု Laptop Wifi ခေါ် Wireless Internet-Connected Laptop နဲ့ ပတ်သက်နေတဲ့ ဆေးပညာလေ့လာမှုတစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ဒီသတင်းကတော့ ယင်း Wifi Laptop ဟာ ယောကျာ်းတွေရဲ့မျိုးဥ (Sperm)ရဲ့ လှုပ်ရှားမှုနဲ့ ယင်း Sperm မှာပါတဲ့ DNA ကို ပျက်စီးစေနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒါကို အာဂျင်တီးနားနိုင်ငံ Cordoba မြို့က သိပ္ပံပညာရှင်တစ်စုက လေ့လာခဲ့တာဖြစ်ပြီး Journal of Fertility and Sterility မှာ ဖော်ပြထားတာဖြစ်ပါတယ်။ ၎င်းတို့ဟာ ကျန်းမာတဲ့အရွယ်ရှိ လူ ၂၉ ဦးကို အုပ်စု နှစ်စုခွဲ လေ့လာခဲ့ကြပါတယ်။ လူတစ်ဝက်ရဲ့ Sperm ကိုပုံမှန်ထားပြီး ကျန်တစ်ဝက်ရဲ့ Sperm ကို ၄ နာရီကြာ Laptop Wifi ရဲ့အနားမှာထားပြီး စောင့်ကြည့်ခဲ့ပါတယ်။ အဲဒီအချိန် ပုံမှန်ထားတဲ့ Sperm တွေမှာ ဘာမှမဖြစ်ဘဲ Laptop အနားမှာရှိတဲ့ Sperm တွေက လှုပ်ရှားမှုအားနည်းသွားပြီး အဲဒီမှာပါတဲ့ DNA တွေကလည်း Fragmentation ဖြစ်ကာပျက်စီးနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ဒါကြောင့် ဒီ Laptop Wifi သုံးစွဲသူတွေဟာသန္ဓေတည်မှုမှာ ထိခိုက်နိုင်ကြောင်း ထပ်မံသုတေသနပြု လေ့လာရတော့မယ်လို့ သိရကြောင်းပါခင်ဗျာ။

ကလေးပန်းနာရောဂါ အထူးဂရုစိုက်ပါ

နောက်သတင်းတစ်ပုဒ်ကတော့ ကလေးတွေနဲ့ပတ်သက်ပါတယ်။ Asthma လို့ခေါ်တဲ့ ပန်းနာရင်ကျပ်တဲ့ရောဂါကို ကလေးတွေမှာခံစားနေရရင် ယင်းကလေးတွေရဲ့ အသက်ရှုကျပ်ရခဲ့တဲ့ ရောဂါဇာစ်မြစ်ကိုဂရုတစိုက် မိသားစုနဲ့ဆွေးနွေးကုသဖို့ အထူးအရေးကြီး လေ့လာထားတဲ့သတင်းပါ။ ဒါကိုတော့ အမေရိကန်နိုင်ငံ Atlanta Emory ဆေးတက္ကသိုလ်က သိပ္ပံပညာရှင်တွေက တင်ပြထားကြတာဖြစ်ပါတယ်။ ငယ်စဉ်ကပဲ အသက်ရှုကျပ်ပြီး Asthma ရှိနေတဲ့ကလေးတွေကို Corticosterid ပါတဲ့ Inhaler တွေအဖြစ် တခြားဆေးတွေနဲ့ကုသပြီး ရောဂါသက်သာရုံသာလုပ်ပေးနေတာဟာ ၎င်းကလေးတွေကြီးလာတဲ့အခါ သူတို့အဆုတ်လုပ်အားကို တစ်နှစ်မှာ ၁ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်တာကြောင့် အသက်ကြီးတဲ့အခါအဆုတ်မှာ အလွယ်တကူရောဂါပိုးတွေဝင်ရောက်နိုင်ကြောင်း သတိပေးထားပါတယ်။ ဒါကြောင့် ရင်ကျပ်ပန်းနာရှိတဲ့ ကလေးတွေမှာ ပန်းနာဘာကြောင့်ဖြစ်ရတယ်ဇာစ်မြစ်ကို တိတိကျကျ ရှာဖွေကုသပေးကြဖို့ တိုက်တွန်းနှိုးဆော်ထားပါတယ်။

၁၃ ပေါင်ကလေး ဗိုက်ခွဲမွေးလိုက်ရ

နောက်တစ်ပုဒ်ကလည်း ကလေးနဲ့ပတ်သက်တဲ့သတင်းတစ်ပုဒ်ပါ။ ကာလီဖိုးနီးယားက ဆင်သီယာဆိုတဲ့အမျိုးသမီးတစ်ဦးဟာ သားယောကျာ်းလေးတစ်ဦးကို ဗိုက်ခွဲမွေးလိုက်ပါတယ်။ မမွေးခင်သူဟာ ကိုက်ခဲမှုဝေဒနာကို ပြင်းထန်စွာခံစားရတယ်လို့ ဆိုပါတယ်။ ဘာကြောင့်အခုလို ကိုက်ခဲနေခဲ့ရတာလဲဆိုတာကိုတော့ ကလေးမွေးပြီးမှပဲ သိရတော့တယ်လို့ဆိုပါတယ်။ မမွေးခင်က ကိုးပေါင်လောက်ရှိမယ်ထင်တဲ့ ကလေးက အခုမွေးလာတော့ ၁၃ ပေါင်ရှိနေတာကိုတွေ့ရလို့ မွေးပေးသူ ဆရာဝန်ရောသူပါအံ့ဩခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီအလေးချိန်ဟာ သာမန်ကလေးတွေထက် နှစ်ဆကျော်ရှိနေတာမို့ ဂင်းနစ်မှတ်တမ်းမှာဝင်နိုင်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဒါပေမယ့် ဂင်းနစ်မှတ်တမ်းမှာတော့ ၁၉၅၅ ခုနှစ်ကပဲ တင်ထားတဲ့ ၂၂ ပေါင်ရှိတဲ့ ကလေးရဲ့ စံချိန်ကိုတော့ မချိုးနိုင်သေးဘူးလို့ သိရကြောင်းပါခင်ဗျာ။

ငါးနဲ့ဟင်းသီးဟင်းရွက်ကိုသာ စားသူများ

ကမ္ဘာ့မြောက်ဝင်ရိုးစွန်း ရေခဲပြင်ဒေသတွေမှာနေထိုင်တဲ့ အက်စကီမိုးလူမျိုးတွေဟာ အရပ်ပုပြီးအဝလွန်သူတွေများပါတယ်။ အရပ်ပုတာနဲ့အဝလွန်ခြင်း နှစ်မျိုးစလုံးဟာ သာမန်လူတွေထက် နှလုံးရောဂါပိုဖြစ်ပွားနိုင်တဲ့ အခြေအနေပါ။ ဒါပေမယ့် သူတို့မှာ နှလုံးရောဂါပြောပလောက်အောင်မရှိကြဘူးလို့ လေ့လာချက်တစ်ခုက ဆိုပါတယ်။ ဒါဟာဘာကြောင့်လဲဆိုရင် သူတို့ဟာဝပေမယ့် သူတို့ရဲ့သွေးထဲမှာ Tryglyceride နှင့် C-Reactive Proteinဆိုတဲ့ ဓာတ်တွေနဲ့နေတာကြောင့်လို့ ဆိုပါတယ်။ ဒါဟာ သူတို့ရဲ့နေ့စဉ်စားသောက်နေထိုင်ပုံနဲ့ဆိုင်ပြီး သူတို့ဟာနေ့စဉ် ငါးနဲ့ ဟင်းသီးဟင်းရွက်တွေကိုသာ စားသုံးကြတာကြောင့်လို့ လေ့လာချက်ကထောက်ပြထားပါတယ်။ သွေးထဲက ယင်းဓာတ်နှစ်ခုစလုံးက နှလုံးရောဂါဖြစ်နိုင်ခြေညွှန်းကိန်းတွေဖြစ်ပြီး ယင်းနှစ်ခုလုံးများနေရင် နှလုံးရောဂါအတွက်ဆေးကုသဖို့ အထူးလိုအပ်တယ်လို့ ဆိုပါတယ်။ နှစ်စဉ်ကမ္ဘာ့လူဦးရေထဲက ၁၇ ဒသမ ၁ သန်းဟာ နှလုံးရောဂါခံစားနေရပြီး ဒီအထဲက ၈၂ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးစနိုင်ဆင်းရဲတဲ့နိုင်ငံတွေဖြစ်တယ်လို့ သိရကြောင်းပါခင်ဗျာ။

အသည်းရောဂါဆေးနဲ့ အန္တရာယ်

နောက်သတင်းတစ်ပုဒ်ကတော့ အသည်းရောဂါတချို့မှာ အသုံးပြုနေကြတဲ့ Ursodiol ခေါ်တဲ့ (Ursodexy Chloric Acid) ဆေးဟာ သာမန် dose ထက်နှစ်ဆပိုသုံးတတ်တဲ့သူတွေ၊ တာရှည်သုံးသူတွေမှာအန္တရာယ်ရှိနိုင်ကြောင်း သတိပေးထားချက်ဖြစ်ပါတယ်။ ယင်းဆေးဟာ Sclerosing Cholangitis ဆိုတဲ့ အသည်းထဲက Bile - Duct ခြောက်ကပ်ပျက်စီးသွားတဲ့ရောဂါမှာ အသုံးပြုရတဲ့ဆေးပါ။ ဒီရောဂါဟာ အသည်းရောင်ရောဂါ၊ Autoimmune ရောဂါ၊ ပင်ကရိယပ်စ်ရောင်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောင်ရောဂါ (Crohn's and Ulcerative Colitis) ရောဂါတွေနဲ့ ပူးတွဲဖြစ်ပေါ်တတ်တဲ့ရောဂါပါ။ ကမ္ဘာတစ်လွှား ဆေးကုမ္ပဏီတွေက နာမည်အမျိုးမျိုးနဲ့ ထုတ်လုပ်ထားပြီး သုံးနေခဲ့ကြတာကြာပြီး လူသိများတဲ့ဆေးတစ်ခုပါ။

ဒါကို ကနေဒါနိုင်ငံ ကျန်းမာရေးဌာနက လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး အားလုံးကို သတိပေးထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဒီဆေးကြောင့် အစာအိမ်အူလမ်းကြောင်းက သွေးပြန်ကြောတွေရောင်ရမ်းလာပြီး အသည်းအစားထိုးရမယ့် အခြေအနေ(သို့မဟုတ်) အသက်ဆုံးရှုံးရတဲ့အခြေအနေကို အမြန်ရောက်နိုင်တယ်လို့ဖော်ပြထားကြောင်းပါခင်ဗျာ။

အမျိုးသမီးကြီးများ ဆီးချိုရှိပြီးအဝလွန်လျှင်

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အသက်(၆၀)ကျော် အမျိုးသမီးတွေမှာ ဆီးချိုရောဂါရှိပြီး အဝလွန်နေရင် ရင်သားကင်ဆာဖြစ်ဖို့ သာမန်လူတွေထက် ၅၅ ရာခိုင်နှုန်း ပိုရှိကြောင်း လေ့လာထားချက်ဖြစ်ပါတယ်။ ဒီလေ့လာချက်ကိုတော့ ဆွီဒင်နိုင်ငံ Lund University ကင်ဆာသုတေသနဌာနက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ဟာ ဆွီဒင်နိုင်ငံ အနောက်တောင်ပိုင်းက အမျိုးသမီးပေါင်း ၁ ဒသမ ၅ သန်းကို လေ့လာပြီးတွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ ၎င်းလေ့လာချက်မှာ ထူးခြားချက်တချို့ကတော့ Blood Lipid Level များတဲ့လူတွေထက် နည်းတဲ့လူတွေမှာ Ca Breast ပိုဖြစ်နိုင်ပြီး ဆီးချိုရောဂါဆေးတစ်မျိုးတည်း စားနေသူတွေထက်နှစ်မျိုးသုံးမျိုး စားရသူတွေက ကင်ဆာပိုဖြစ်နိုင်ကြောင်း ဖော်ပြထားပါတယ်။

နေ့စဉ်သုံးဆေးများရဲ့ ဆိုးကျိုးတချို့

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသက်(၅၀) ကျော်အရွယ်တွေမှာ နေ့စဉ်သုံးနေရတဲ့ဆေးတွေရဲ့ မသိမသာဆိုးကျိုးတချို့ကို လေ့လာတင်ပြထားတဲ့ သတင်းပါ။ အမှတ်(၂) ဆီးချိုအမျိုးအစားမှာ အသုံးများတဲ့ Metformin ဆေးပြား၊ သွေးထဲမှာအဆီဓာတ်များပြီး သွေးတိုးရောဂါရှိသူတွေမှာအသုံးများတဲ့ Statin စားဆေး၊ အဝလွန်သူတွေမှာအသုံးပြုလေ့ရှိတဲ့ Orlistat စားဆေးတို့ဟာ ဘေးထွက်ဆိုးကျိုးအနည်းငယ်စီရှိနိုင်တဲ့အတွက် ယင်းဆေးတွေကို အမြဲစားနေတဲ့အခါ ဖြစ်ပေါ်တတ်တဲ့အခြေအနေတွေကိုသတိထားပြီး ပူးတွဲစားရမယ့် အစာတွေကိုလည်း သတိထားနိုင်အောင် တင်ပြရတာပါ။

Metformin စားဆေးဟာ သွေးထဲကဗီတာမင် B_{12} Level ကိုကျသွားစေနိုင်တာမို့ Metformin ဆေးအမြဲစားသုံးနေသူတွေဟာ Vitamin B_{12} ကြွယ်ဝတဲ့ အသား၊ နွားနို့၊ ကြက်ဥနှင့် ငါးတို့ကို များများစားသုံးသင့်ကြောင်း တင်ပြထားပါတယ်။

Statin စားဆေးကိုစားသုံးနေရသူတွေမှာ သွေးထဲမှာရှိတဲ့ Coenzyme Q 10 ဆိုတဲ့ Enzyme နည်းသွားနိုင်ပါတယ်။ ယင်းEnzymeဟာ ကြွက်သားအားရှိအောင် သွေးတိုးကျအောင်၊ နှလုံးကြွက်သားလှုပ်ရှားမှုကောင်းအောင် လုပ်ပေးရတဲ့ Enzyme ဖြစ်ပါတယ်။ ဒါကြောင့် ဒီ Statin စားဆေးတာရှည်သုံးစွဲနေသူတွေမှာ ယင်း Enzyme မျိုးလုပ်နိုင်တဲ့ ငါးကြီးဆီ၊ အသား၊ ဂျုံ၊ ဆန်စသည်တို့ကို ပူးတွဲစားသုံးသင့်ကြောင်း တင်ပြထားပါတယ်။ အဝလွန်တာမှာစားရတဲ့ Orlistat ဆေးဟာ ကိုယ်ခန္ဓာက အဆီစုပ်ယူနိုင်မှု လျော့နည်းစေတာနဲ့အတူ Fat Soluble Vitamin တချို့ကိုလည်း မစုပ်ယူနိုင်ဖြစ်တတ်တာမို့ Vit A,D,E,K တို့လည်း လျော့နည်းသွားနိုင်ပါတယ်။ ဒါကြောင့် ဒီစားသုံးသူတွေမှာ ယင်း Vitamin တွေ ကြွယ်ဝတဲ့အစိမ်းရောင်အသီးအရွက်တွေနဲ့ ကန်စွန်းဥ၊ မုန်လာဥနဲ့ ကြက်ဥတို့ကို များများစားသုံးသင့်ကြောင်း လေ့လာတွေ့ရှိချက်ကိုလည်း တင်ပြလိုက်ပါတယ်။

ကြက်ငှက်တုပ်ကွေးအသွင်ပြောင်းပါက အန္တရာယ်ရှိလာနိုင်

ယခုနောက်ဆုံးတင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Avian Bird Flu ခေါ်တဲ့ H5N1 Virus ကြောင့် ဖြစ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းပါ။ ယင်းရောဂါဟာ ယခုလက်ရှိအခြေအနေမှာတော့ သာမန်တုပ်ကွေးရောဂါအဖြစ်လောက်သာရှိပြီး ကြောက်စရာကောင်းလောက်အောင် ကူးစက်နိုင်တဲ့ရောဂါမဟုတ်သေးပါဘူး။ ဒါပေမယ့် ဆေးသိပ္ပံသုတေသနပညာရှင်အဖွဲ့နှစ်ခုရဲ့တွေ့ရှိချက်ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာချက်ထုတ်ပြီး သတိပေးရတဲ့အခြေအနေဖြစ်ခဲ့ပါတယ်။ ယင်းတွေ့ရှိချက်ကတော့ ဒီ H5N1 Virus ဟာ Mutation ကြောင့် အသွင်ပြောင်းကာ အလွယ်တကူကူးစက်နိုင်တဲ့ရောဂါပိုးဖြစ်လာပြီး လူတွေကိုလည်းသေစေနိုင်လိမ့်မယ်ဆိုတဲ့ တွေ့ရှိချက်ကြောင့်ပါပဲ။ ဒီတွေ့ရှိချက်ကို နယ်သာလန်နှင့် အမေရိကန်နိုင်ငံက ဆေးသိပ္ပံသုတေသနပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အသေးစိတ်မထုတ်ပြန်ဖို့လည်း အမေရိကန်နိုင်ငံ ဇီဝသိပ္ပံဆိုင်ရာလုံခြုံရေး အကြံပေးကော်မတီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က တားဆီးထားပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီလိုပြောင်းလဲလာနိုင်မှုကို မသမာသူတို့က လူသတ်လက်နက်တစ်ခုပမာ ပြောင်းလဲအသုံးပြုလာနိုင်လို့ဆိုတာတင်ပြရင်း ယခုတစ်ပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ရန်ကုန်မြို့လယ်ရုံများ၌ မော်ကင်းဥဒါန်း ဇာတ်ကားသစ်ရုံတင်

ရန်ကုန် ဇွန် ၆

လာမည့်ဇွန် ၈ ရက်(သောကြာနေ့)တွင်ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သော သမ္မတ၊ သွင်နှင့် မင်္ဂလာ(၁) သိမ်ကြီးဈေးရုံ၊ဂျန်းရှင်းမော်တင်နှင့် တော့ပ်ရှိုင်ရယ် ပါရမီတို့တွင် မော်ကင်းဥဒါန်း ဇာတ်ကားသစ် ရုံတင်ပြသမည် ဖြစ်သည်။

၎င်းဇာတ်ကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဝေမှိုင်းညိုက တာဝန်ယူရိုက်ကူးခဲ့ပြီး တွဲဖက်ဒါရိုက်တာအဖြစ် တာတီးက ပါဝင်ရိုက်ကူးခဲ့သည်။ ၎င်းဇာတ်ကား၏ အဓိကကျောရိုးမှာ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ ဘဝကိုရှင်သန်ရသော ပင်လယ်ပျော်တို့၏ ဘဝ၊ ၎င်းတို့၏လုပ်အားကို အဆမတန်ခေါင်းပုံဖြတ်နေကြသော ငွေရှင်ကြေးရှင်တို့ဘဝ ၎င်းဘဝနှစ်ခုကို ယှဉ်တွဲ၍ ဒါရိုက်တာက ပရိသတ်၏

စိတ်နှလုံးကို ဖမ်းစားရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ရာ ပင်လယ်ပျော်ရေလုပ်သားတို့၏ တကယ့်အရှိဘဝနှင့်အတူ ပင်လယ်ရှုခင်းများကို တစ်ဝကြီး ရှုစားနိုင်မည့် ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ အကယ်ဒမီ ညွန့်ဝင်း၊ အကယ်ဒမီကျော်ဟိန်း၊ အကယ်ဒမီလူမင်း၊ နိုင်းနိုင်း၊ နန္ဒ၊ ဗျိုက်၊ သူထူးစံ၊ မိုးသောက်ထွန်း၊ ကိုပေါက်၊ ရဲလှိုင်ဘွား၊ အကယ်ဒမီ နန္ဒာလှိုင်၊ သီတာချမ်းမြေ့၊ လှိုင်ဖြူဖြူထွန်း၊ သဲသဲနှင့် သရုပ်ဆောင်များစွာ ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)မြေနီကုန်းတွင် လွန်ခဲ့သော ၁၀ နှစ်ကျော်က ပျက်ကျခဲ့သောလေယာဉ်ပေါ်မှ အသက်မသေဘဲ လွတ်မြောက်ခဲ့သူလေယာဉ်မယ်တစ်ဦး၏သည်းထိတ်ရင်ဖိုဘဝကို ရိုက်ကူးထားသည့် 407 DARK FLIGHT 3D ဇာတ်ကား ပြသမည် ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင်ပြသမည့် THE AVENGERS ဇာတ်ကားမှာမူ စိတ်နယ်လွန်ဖြစ်ရပ်များနှင့် စကြဝဠာလူသားတို့အကြောင်း စိတ်ကူးယဉ်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကာ နေပြည်တော်ရုံတွင် ပြသမည့် THE WRATH OF TITANS ဇာတ်ကားမှာမူ ရှေးခေတ်အနောက်တိုင်းဒေသတွင် ကိုးကွယ်ယုံကြည်ခဲ့ကြသည့် နတ်ဘုရားများ၏အကြောင်း ရိုက်ကူးထားသည့် လျှို့ဝှက်ဆန်းကြယ် ဇာတ်ကားတစ်ကားဖြစ်ပါသည်။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဗေဒါစိုး

လိင်ကူးပြောင်းသူများ၏ မှတ်တမ်းရုပ်ရှင် ဖန်တီးမည့် ဂျဲနက်ဂျက်ဆင်

ကွယ်လွန်သူ ကမ္ဘာကျော်ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်၏ညီမ အဆိုတော် ဂျဲနက်ဂျက်ဆင်က ကမ္ဘာတစ်ဝန်းရှိ လိင်ကူးပြောင်းသူများ၏ မှတ်တမ်းရုပ်ရှင်ကားတစ်ကားရိုက်ကူး ထုတ်လုပ်ရန် ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးနှင့် လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။

နယူးယောက်မြို့အခြေစိုက် Brain-child Films ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီက ဂျဲနက်ဂျက်ဆင်သည် လိင်ကူးပြောင်းသူများ၏ ဘဝမှတ်တမ်းများကို အခြေခံရိုက်ကူးမည့် Truth အမည်ရှိ ဇာတ်ကားရိုက်ကူးရန် ပြင်ဆင် လှုပ်ရှားလျက်ရှိကြောင်းနှင့် ယင်းဇာတ်ကားကိုယခုနှစ် နွေရာသီတွင် ဖြန့်ချိပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း

ဇွန် ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဂျဲနက်ဂျက်ဆင်က Truth ဇာတ်ကားနှင့်ပတ်သက်၍ "လူသားအားလုံး ကျွန်မအတွက် အလွန်အရေးကြီးပါတယ်။ မတူခြားနားတဲ့ ဘဝပုံစံအမျိုးမျိုးက လူတွေနဲ့မိတ်ဆွေဖြစ်ရတာ၊ လေ့လာသင်ယူခွင့်ရခဲ့တာ ကျွန်မကံကောင်းပါတယ်။ Truth ဇာတ်ကားဟာကိုယ်နဲ့ ခံစားချက်၊ ယုံကြည်ချက်မတူခြားနားတဲ့ သူတွေအပေါ်မှာ ကြိုးစားပြီးနားလည်မှုပေးနိုင်ဖို့ ရည်ရွယ်ထားတာပါ။ ဘာမှမတူဘူးဆိုရင်တောင် ခံစားတတ်တဲ့ နှလုံးသားချင်းတော့ တူနေပါသေးတယ်။ ကျွန်မလိုချင်တာက အမုန်းတရားတွေအဆုံးသတ်ပြီး နားလည်မှုတွေရှာဖွေဖို့ပါ" ဟုမီဒီယာများသို့ ပြောကြားသည်။

ယင်းဇာတ်ကားကို နယူးယောက်မြို့မှ လိင်ပြောင်းသူ လေးဦးအကြောင်းရိုက်ကူးထားသည့် The Style Network ဇာတ်ကားရိုက်ကူးခဲ့သူ ဒါရိုက်တာ ရောဘတ်ဂျက်ဆင်က ရိုက်ကူးသွားမည်ဖြစ်သည်။ ရောဘတ်ဂျက်ဆင်က Truth ဇာတ်ကားသည် မြောက်အမေရိက၊ ဥရောပ၊ ဩစတြေးလျနှင့် လက်တင်အမေရိကမှ လိင်ပြောင်းသူများအကြောင်း အခြေခံရိုက်ကူးသွားမည်ဟုဆိုသည်။

အသက် (၄၆) နှစ်ရှိဂျဲနက်ဂျက်ဆင် **(ဝဲပုံ)**သည် ရုပ်ရှင်ဇာတ်ကားအတော်များများတွင် ပါဝင်သရုပ်ဆောင်ထားပြီး ဂရမ်မီဆုငါးဆုရရှိထားသည့် အဆိုတော်တစ်ဦး ဖြစ်သည်။ ***အင်တာနက်။***

အကောင်းဆုံးတေးဂီတဆုကို ဆွတ်ခူးရရှိသွားသည့် LMFAO ဂီတ အဖွဲ့ဝင်များ။

The Hunger Games ဇာတ်ကား အောင်ပွဲခံခဲ့သည့် ၂၀၁၂ ခုနှစ် MTV ရုပ်ရှင်ဆုပေးပွဲ

၂၀၁၂ ခုနှစ် MTV ရုပ်ရှင်ဆုပေးပွဲကို ဇွန် ၃ ရက်က အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ယူနီဗာဆယ်စီးတီးမြို့ ဂစ်ဘ်ဆင်အမ်ဖစ်သီရေတာကဇာတ်ရုံ၌ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။ ယင်းရုပ်ရှင်ဆုပေးပွဲတွင် The Hunger Games ဇာတ်ကားက ဆုအမျိုးအစားလေးခုဖြင့် အအောင်မြင်ဆုံး ဇာတ်ကားအဖြစ် အောင်ပွဲခံနိုင်ခဲ့သည်။

တစ်နှစ်တာအကောင်းဆုံးဇာတ်ကားဆုကို The Twilight Saga: Breaking Dawn-Part 1ဇာတ်ကားကရရှိသွားပြီး အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုနှင့်အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကို The Hunger Games ဇာတ်ကားမှ မင်းသားဂျို့ဟတ်ချာဆင်နှင့် မင်းသမီး ဂျနီဖာလောရင့်တို့က ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံးတိုက်ခိုက်ရေးဆုကို The Hunger Games ဇာတ်ကားမှ ဂျိုးဟတ်ချာဆင်၊ ဂျနီဖာလောရင့်နှင့်အလက်ဇန္ဒြားလုဒ်ဝစ်တို့၏ အပြန်အလှန်တိုက်ခိုက်မှုများကရရှိသွားပြီး အကောင်းဆုံးအနမ်းပေးဆုကို The Twilight Saga:Breaking Dawn-Part 1 ဇာတ်ကားမှ မင်းသား ရောဘတ်ပတ်တင်ဆန်နှင့် မင်းသမီး ခရစ္စတင်းစတီးဝပ်တို့အတွဲက ရရှိသွားသည်။

Harry Potter and the Deathly Hallows: Part 2 ဇာတ်ကားမှ မင်းသားဒန်နီရယ် ရက်ဒ်ကလစ်မ်က အကောင်းဆုံးသူရဲကောင်းဆုနှင့် ယင်းဇာတ်ကားမှ အခြား သရုပ်ဆောင်များဖြစ်သည့် အမ်မာဝက်ဆန်း၊ ရူးပတ်ဂရင့်နှင့် တွမ်ဖိလ်တန်တို့က အကောင်းဆုံးသရုပ်ဆောင်မှုဆု ရရှိခဲ့သည်။

Best On-Screen Transformation ဆုကို The Hunger Games ဇာတ်ကားမှ အယ်လိဇဘတ်ဘန့်ခ်၊ Best On-Screen Dirtbag ဆုကို Horrible Bosses ဇာတ်ကားမှ ဂျနီဖာအန်နစ္စတန်၊ အကောင်းဆုံးတေးဂီတဆုကို Party Rock Anthem တေးသီချင်းဖြင့် LMFAO ဂီတအဖွဲ့၊ Generation ဆုကို ဂျွန်နီဒက်ပ်နှင့် Trailblazer ဆုကို အမ်မာစတုန်းတို့က ဆွတ်ခူးရရှိသွားသည်။

အင်တာနက်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးသော အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်း (International IDEA) ကိုယ်စားလှယ်အဖွဲ့ ဒီမိုကရေစီဆိုင်ရာစာအုပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၆

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း (International IDEA)မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီအဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လွှတ်တော်ဆိုင်ရာစာအုပ်များ၊ ဒီမိုကရေစီဆိုင်ရာ စာအုပ်များနှင့် ဥပဒေဆိုင်ရာစာအုပ်များကို လွှတ်တော်သို့ ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက လက်ခံသည်။

စာအုပ်များ ပေးအပ်လှူဒါန်းပွဲသို့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အဆိုပါဧည့်ခန်းမ၌ ဆက်လက်တွေ့ဆုံပြီး ဥပဒေရေးရာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်တို့နှင့် တွေ့ဆုံ၍ လွှတ်တော်ရေးရာကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးထံ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (International IDEA)မှ ကိုယ်စားလှယ်အဖွဲ့မှ လွှတ်တော်ဆိုင်ရာ စာအုပ်များ၊ ဒီမိုကရေစီဆိုင်ရာ စာအုပ်များနှင့် ဥပဒေဆိုင်ရာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်း ရေးဆွဲရေးအဖွဲ့ အစည်းအဝေး ကျင်းပပြီးစီး

ရန်ကုန် ဇွန် ၆

လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏ (၆)ကြိမ်မြောက် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်းရေးဆွဲရေးအဖွဲ့အစည်းအဝေးကို ဇွန် ၃ ရက်မှ ယနေ့အထိ ရန်ကုန်မြို့ Parkroyal Hotel ၌ကျင်းပခဲ့ပြီး ယနေ့ ညနေပိုင်းတွင် အစည်းအဝေးကျင်းပပြီးစီးသွားသည်။

အစည်းအဝေးတွင် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း (မူကြမ်း)ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။ အဆိုပါကြေညာစာတမ်း(မူကြမ်း)ကို ကမ္ဘောဒီးယားနိုင်ငံ၌ ဇူလိုင်လတွင် ကျင်းပမည့် (၄၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တင်ပြသွားမည်ဖြစ်သည်။

အစည်းအဝေးအပြီးတွင် အစည်းအဝေးကျင်းပခဲ့မှုများနှင့် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း (မူကြမ်း) အပြီးသတ်ရေးဆွဲနိုင်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏ မြန်မာနိုင်ငံကိုယ်စားလှယ် ဦးကျော်တင့်ဆွေ၊ ထိုင်းနိုင်ငံကိုယ်စားလှယ် Ms. Siprapha Petcharamee၊ အင်ဒိုနီးရှားနိုင်ငံကိုယ်စားလှယ် Mr. Refendi DJamin နှင့် ဖိလစ်ပိုင်နိုင်ငံကိုယ်စားလှယ် Ms. Rosario G. Manalo တို့က သတင်းထောက်များအား ရှင်းလင်းပြောကြားကြပြီး**(ဝဲပုံ)** မေးမြန်းမှုများကို ဖြေကြားကြသည်။

(သတင်းစဉ်)

ကြက်သွန်နီ ဈေးမြင့်လာ၍ တောင်သူတို့ အရှုံးသက်သာ

ရေစကြို ဇွန် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ဆောင်းကြက်သွန်နီများ ပေါ်ခါစက တစ်ပိဿာ ကျပ် ၂၅၀၊ ၃၀၀ ဖြင့် ရောင်းချရသည့်အတွက် ကြက်သွန်နီစိုက် တောင်သူများ အရှုံးပေါ်ခဲ့ရာ မေလနောက်ဆုံးပတ်မှစ၍ တစ်ပိဿာ ကျပ် ၄၀၀ ဈေးဖြင့် ရောင်းချကြရသဖြင့် အမြတ်မများသော်လည်း အရှုံးမပြတော့ကြောင်း ကြက်သွန်နီစိုက် တောင်သူတစ်ဦးက ပြောသည်။

ရေစကြိုမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် ဆောင်းသီးနှံ ကြက်သွန်နီကို ဧက ၇၀၅၄ လျာထားစိုက်ပျိုးခဲ့ရာ ၇၀၆၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ပိဿာချိန် သိန်း ၄၀၀ ကျော်ထွက်ရှိခဲ့သည်။

ယခုရက်အတွင်း ကြက်သွန်နီတစ်ပိဿာ ကျပ် ၄၀၀ ဈေးပေးဝယ်နေကြောင်း၊ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံများသို့ အများဆုံးတင်ပို့ကြောင်း၊ တစ်ပိဿာ ကျပ် ၅၀၀၊ ၅၂၅၊ ၅၅၀ ဖြင့် ရောင်းရကြောင်း၊ ရေစကြိုတွင် တန်ဆာခ တစ်ပိဿာ ၅၅ ကျပ်၊ ပခုက္ကူတွင် ကျပ် ၅၀ ဖြစ်ကြောင်း၊ ရေစကြိုဒေသထွက် ဆောင်းကြက်သွန်နီမှာ နတ်တော်လလောက်အထိ အထားခံပြီး မိုးစိုက်ကြက်သွန်နီမှာမူ အထားမခံသည့်အတွက် လှောင်၍မရကြောင်း ကြက်သွန်နီဝယ်ရောင်း ပွဲစားတစ်ဦးက ပြောကြားသည်။

နိုင်ငံခြားကြက်သွန်နီများကို ဈေးကွက်တွင် မယှဉ်နိုင်ခြင်းနှင့် ကြက်သွန်နီစိုက် တောင်သူများ အရှုံးပေါ်ရခြင်းနှင့် စပ်လျဉ်း၍ "သဘာဝရာသီဥတုဖောက်ပြန်လို့ အထွက်နည်းတာတော့ မတတ်နိုင်ဘူးပေါ့ဗျာ၊ ဒါပေမယ့် အိန္ဒိယ၊ ထိုင်းနိုင်ငံထွက် ကြက်သွန်နီလို အလုံးကြီးကြီးနဲ့ အထွက်နှုန်းကောင်းအောင် တောင်သူတွေကို ခေတ်မီစိုက်ပျိုးရေး နည်းပညာတွေ ပေးမယ်၊ အရည်အသွေးကောင်းတဲ့ မြေဩဇာ၊ ပိုးသတ်ဆေး ရရှိသုံးစွဲနိုင်အောင် စီမံဆောင်ရွက်ပေးနိုင်မယ် ဆိုရင်တော့ ကြက်သွန်နီစိုက်တောင်သူတွေဘဝ အရှုံးတွေပျောက်၊ အမြတ်တွေရောက်လာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောပြသည်။

(ဖေထွဏ်းဇော်-ရေစကြို)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ယနေ့ ဖတ်စရာ မှတ်စရာ

ငွေစက္ကူအသုံးထက် "ချက်" အသုံးသည်သာ ခေတ်မီနည်းစနစ်ပါ

စကားဦး။ ။ ဘဏ်လောကတွင် ငွေထုတ် "ချက်"တစ်စောင်၊ စာရင်းပြောင်း "ချက်" တစ်စောင်၊ Clearing "ချက်"တစ်စောင်ဟုသာ သုံးကြပါသည်။ ချက်လက်မှတ်၊ ချက်စာရွက်ဟု မခေါ်ကြပါ။ "ချက်" ဟူသောအသုံးကို ကောင်တာ၊ တိုကင်၊ မန်နေဂျာ၊ ဗော့လ်(တ်) (ငွေသိုလှောင်ခန်း) စကားလုံးတို့ကဲ့သို့ နိုင်ငံခြားဘာသာစကားအတိုင်း တိုက်ရိုက်မွေးစားယူထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ငွေစက္ကူကို တွင်တွင်ကျယ်ကျယ်သုံးစွဲလာမှုသည် ဗြိတိသျှခေတ်က စတင်ပြီး ယနေ့ဆိုလျှင် နှစ်ပေါင်းရာကျော်ရှိနေပြီဖြစ်ပါသည်။ ငွေစက္ကူကို လဲလှယ်ရေး မဏ္ဍိုင်အဖြစ် ဈေးနှုန်းသတ်မှတ်ရာ စံနှုန်းတစ်ခုအဖြစ်၊ အကြွေးပေးဆပ်ရန် ကိရိယာအဖြစ်၊ စုဆောင်းသိုမှီးစရာပစ္စည်းအဖြစ် အများကသုံးနေခြင်းဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်တစ်ရာကျော်ခန့်က ငွေကြေးကိုင်တွယ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦး၌ ငွေစက္ကူထောင်ဂဏန်း၊ သောင်းဂဏန်းရှိလျှင်ပင် ကြေးရတက်လူတန်းစားဟု သတ်မှတ်ကြပါသည်။ ငွေတစ်ကျပ်ဖြင့် ပစ္စည်းမျိုးစုံ ဝယ်နိုင်ကြပါသည်။ ယနေ့ခေတ် ကုန်ရောင်းကုန်ဝယ်အတွက် ပစ္စည်းဝယ်ခြမ်းကြရာ၌ကား သိန်းထောင်ပေါင်း၊ သန်းထောင်ပေါင်းအထိ အရောင်းအဝယ်ဖြစ်နေရာ ငွေစက္ကူထုထည်ပမာဏမှာလည်း သာမန်ကိုင်တွယ်ရန်မဖြစ်နိုင်တော့ဘဲ ဆာလာအိတ်ကြီးတွင်ထည့်ထားပြီး အပေးအယူလုပ်လာကြပါသည်။

ငွေအကြောင်းကိုပြောလျှင် ဘဏ်၏အခန်းကဏ္ဍသည်လည်း မပါလျှင်မပြီးပါ။ ငွေကြေးထုတ်ဝေခွင့်ရှိသော ဗဟိုဘဏ်၊ ငွေစုရာ ချေးငွေရယူရာ အဖွဲ့အစည်းဖြစ်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် စသည်တို့ ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ အသင်းအဖွဲ့၊ လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ တစ်ဦးချင်းစီဖြစ်သော ပုဂ္ဂိုလ်တို့သည် ဘဏ်ကို မိမိတို့အကျိုးစီးပွားအလို့ငှာ ငွေသွင်းငွေထုတ်လုပ်နေကြပြီဖြစ်ပါသည်။ ဘဏ်နှင့် ဆက်သွယ်သူများ လွယ်ကူစွာငွေပေးငွေယူလုပ်နိုင်ဖို့ "ချက်"ကို ဘဏ်က အုပ်လိုက်ထုတ်ပေးထားပါသည်။ "ချက်" တစ်အုပ်လျှင် အနည်းဆုံး နှစ်ဆယ့်ငါးရွက်ပါရှိသဖြင့် ငွေထုတ်လိုတိုင်း၊ ငွေပေးချေစရာရှိတိုင်း "ချက်" ကို အသုံးပြုနိုင်သည်။ တစ်ဦးနှင့်တစ်ဦး ကုန်ဖိုးပေးချေရန်၊ တင်ရှိနေသောအကြွေးကို ပေးဆပ်ရန် "ချက်"ကို အသုံးပြု၍ "ချက်"တစ်စောင်တည်းဖြင့် ငွေအရေအတွက်များစွာကို ဖြေရှင်းပေးနိုင်ပါသည်။ သာဓကအားဖြင့် ဦးဖြူက ဦးနီသို့ ကုန်ဖိုးကျပ်သိန်းငါးထောင် ပေးရန်ရှိပါက ဦးဖြူက"ချက်" တစ်စောင်တည်းတွင်ပင် သိန်းငါးထောင် ရေးပေးပြီး ဦးနီသို့ "ချက်" ကို ပေးလိုက်ရုံဖြင့် ကိစ္စပြီးစီးပါသည်။ ဘဏ်သို့ရောက်လာသည့် "ချက်"ကို ဦးဖြူစာရင်းမှ ငွေသိန်းငါးထောင်နုတ်ပြီး ဦးနီစာရင်းသို့ ထိုငွေကိုထည့်သွင်းရုံနှင့် စာရင်းရှင်းလင်းသွားပါသည်။ တစ်လအတွင်း အပေးအယူများစွာရှိမည်ဖြစ်ရာ စာရင်းပိုင်ရှင် ဦးဖြူ ဦးနီတို့ထံသို့ ဘဏ်က "ဘဏ်ရှင်းတမ်း"ပေးပို့လိုက်ခြင်းဖြင့် မိမိ၏ ရစရာ ပေးစရာ မည်ရွေ့မည်မျှရှိသည်၊ ဘဏ်ငွေလက်ကျန် မည်မျှရှိသည်တို့ကို မိမိအိမ်မှာနေရင်းပင် သိရှိရပါတော့သည်။

အနောက်နိုင်ငံများနှင့် အခြားနိုင်ငံအတော်များများတွင် ငွေစက္ကူကို အထုပ်အထည်ဖြင့် ပေးချေရမည့်အစား "ချက်"ဖြင့်သာ အပေးအယူလုပ်နေကြပါပြီ။

ထို့အပြင် ငွေများများစားစားသုံးရန်မလိုသည့် ပစ္စည်းဝယ်ခြမ်းရာတွင်လည်း ခေတ်ပေါ်အကြွေးကတ် (Credit Card) တို့ဖြင့် ဝယ်ခြမ်းကြပါသည်။ အကြွေးကတ်တစ်စောင်သည် ခပ်ထူထူရှိပြီး ထီစာရွက်ခန့် ပမာဏရှိပါသည်။ သာဓကအားဖြင့် ရုပ်မြင်သံကြားစက်တစ်လုံးဝယ်ယူမည်ဆိုလျှင် အကြွေးကတ်ဖြင့်ဝယ်ယူနိုင်ပြီး အရောင်းဆိုင်က အိမ်တိုင်ရာရောက်လိုက်ပို့ပေးပါသည်။ အရောင်းဆိုင်သို့ ဘဏ်က ဝယ်ယူသူကိုယ်စား ငွေရှင်းပေးပြီး ကျသင့်သောငွေကို ထိုဘဏ်သို့ နောက်မှဝယ်ယူသူက လိုအပ်သလို ပေးသွင်းရုံသာဖြစ်ပါသည်။

ငွေစက္ကူကိုင်တွယ်ရသည့်ကိစ္စအား မီးရထားခ၊ မော်တော်ကားခ၊ လက်ဖက်ရည်ဖိုးမျှ ပေါ့ပေါ့ပါးပါး ငွေစက္ကူအရေအတွက်သာ ဖြစ်ပါသည်။

ထိုတိုင်းပြည်များ၌ ငွေစက္ကူကို ထုနှင့် ထည်နှင့် နေရာတိုင်းမှာ မသုံးကြတော့ဘဲ "ချက်"ကိုသာ တွင်တွင်သုံးနေသဖြင့် တိုင်းပြည်သုံးငွေစက္ကူအရောင်အဆင်းမှာလည်း ခပ်လတ်လတ်ပင်ရှိနေပါသည်။

ယနေ့ ကျွန်တော်တို့နိုင်ငံ၌ တစ်နေ့တာဘဏ်လုပ်ငန်းမြင်ကွင်းကိုကြည့်လျှင် အလွန်စိတ်ပင်ပန်းဖွယ်ရာများကို တွေ့မြင်နေရပါသည်။ ဘဏ်တွင် စာရင်းဖွင့်ထားကြသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ စသည့် ပုဂ္ဂိုလ်တို့သည် ငွေပေးချေစရာရှိလျှင် ရောင်းသူဝယ်သူအချင်းချင်း ငွေကို အထုပ်အထည်ဖြင့် ကိုင်တွယ်ပေးချေခြင်း မပြုကြတော့ဘဲ ရှိသမျှပေးစရာ ရစရာ ငွေစက္ကူများကို ဆာလာအိတ်ကြီးတွင်ထည့်ပြီး ဘဏ်သို့သွားရောက်လျက် ဆောင်ရွက်နေကြပါသည်။ ဘဏ်က စနစ်တကျ ရေတွက်ပေးပြီးသည့်အထုပ်ကြီးကို ချက်ချင်းပြန်လည်ယူသွားကြပါသည်။ ဘဏ်ကို အလွန်ကိုးစားယုံကြည်မှုရှိခြင်းကြောင့် ဖြစ်ပါသည်။

ငွေစက္ကူထုထည်ကြီးကို အပ်နှံခြင်း၊ ထုတ်ယူခြင်းကိစ္စ၌ ဘဏ်ဝန်ထမ်းများလည်း သက်သာကြသည်မဟုတ်ပါ။

ငွေသွင်းသူများ ကားဖြင့်သယ်လာသည့် ငွေစက္ကူဆာလာအိတ်ကြီးကို ဘဏ်ဝန်ထမ်းများပါကူညီပြီး တစ်ပွေ့တစ်ပိုက်ကြီး ကားပေါ်မှ သယ်ချယူကြပါသည်။ ဘဏ်တံခါးဝမှ ဘဏ်ငွေသွင်းကောင်တာအထိရောက်အောင် ထမ်းပိုး၍ ကူညီပေးကြပါသည်။ ဆွဲမလာသော ငွေထုပ်ကိုဖြေကြပြီး တစ်စည်းချင်း ကောင်တာပေါ်သို့ တင်ပေးပါသည်။

ဘဏ်ဝန်ထမ်းများသည် လူ့အလွှာပေါင်းစုံ ကိုင်တွယ်ထားသည့် ငွေစက္ကူများကို မရေတွက်မီ အန္တရာယ်ကင်းအဖြစ် နှာခေါင်းစည်းကို တပ်ကြရပါသည်။ ငွေစက္ကူများသည် တစ်ပတ်နွမ်း၊ အရိအရွဲ၊ အစုတ်အပြဲ စသည်ဖြင့် မျိုးစုံပါဝင်ပါသည်။ ဘဏ်ဝန်ထမ်းများက ငွေရေစက်ထဲသို့ မထည့်မီ ဖုန်သဲများ ခါချကြရသည်။ အရွယ်တူသော်လည်း တန်ဖိုးမတူသော ငွေစက္ကူ ပါ၊ မပါ၊ ငွေစက္ကူအတု ပါ၊ မပါ၊ နံပါတ်နှစ်ဖက်မတူသော ငွေစက္ကူ ပါ၊ မပါ၊ ပိုးမွှားခြကိုက်ထားသော ငွေစက္ကူပါ၊ မပါ အသေးစိတ်စစ်ဆေးကြရပါသည်။ ဤသို့ စစ်ဆေးပြီးမှ ငွေရေစက်ထဲသို့ထည့်ပြီး ရေတွက်ကြပါသည်။ တစ်ခါငွေစက္ကူများ ရိနွမ်းနေပါက ငွေရေစက်က အလွယ်တကူမဆွဲသဖြင့် ထပ်ကာထပ်ကာ ပြန်လှန်ရေတွက်စေပါသည်။

ဘဏ်ဝန်ထမ်းများ၏တာဝန်မှာ သွင်းလာသည့်ငွေပိုလျှံနေပါက သူတို့မရကြဘဲ စည်းကမ်းအတိုင်း ဘဏ်စာရင်းသို့ ပေးသွင်းထားရပါသည်။ နောင်ငွေသွင်းသူ တောင်းခံလာပါက ထုတ်ပေးရန်ဖြစ်ပါသည်။ သို့သော် ငွေသွင်းသူအား ငွေရပြေစာပေးပြီး သွင်းငွေယုတ်လျော့နေပါက ငွေကြေးကိုင်တွယ်ရသည့်ဝန်ထမ်းက လျော့နည်းငွေကို ဘဏ်သို့ ပေးလျော်ကြရပါသည်။

လုပ်ငန်းရှင်ကြီးများ၊ ကုန်သည်ကြီးများ စသည့် ပုဂ္ဂိုလ်တို့သည် ဘဏ်ဝန်ထမ်းနှင့်အတူ နေ့တိုင်း ငွေစက္ကူထုထည်ကြီးကို ဖြေရှင်းနေကြရသည်မှာ စိတ်မောစရာပင်။

ဤဒဏ်ရာဒဏ်ချက်မှ ကင်းလွတ်အောင် နည်းလမ်းမရှိတော့ပြီလော. . . .။

ရှိပါသည်။ ကမ္ဘာ့နိုင်ငံအတော်များများတွင် ဤသို့သောဒုက္ခမျိုး မရှိတော့ပါ။ "ချက်"ကို ကိုင်တွယ်သုံးစွဲလာသည်မှာ အလွန်ခရီးရောက်နေပြီဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း "ချက်"ကို စတင်သုံးစွဲဖို့ အချိန်ရောက်နေပါပြီ။

တစ်ခုတော့ရှိပါသည်။ ငွေစာရင်းမှာ လက်ကျန်လုံလောက်မှုမရှိသည့်"ချက်"ကို လက်ခံရလျှင် မခက်ပါလား။ မခက်ပါ။ "ချက်"စတင်သုံးစွဲခဲ့သည့် နိုင်ငံများတွင်လည်း အစပထမ ဤပြဿနာအတော်အတန်ရှိခဲ့ကြပါသည်။ **သို့သော် လူသာလျှင် အဓိကပါ။ ငွေစာရင်းမှာ ငွေမရှိဘဲ ငွေမထုတ်ရဆိုသည့်မူကို ပြက်ပြက်ထင်ထင် လိုက်နာရပါမည်။ အစွမ်းကုန်ရိုးသားရပါမည်။ ဘဏ်မှာ စာရင်းစဖွင့်ကတည်းက ဘဏ်နှင့် ငွေစာရင်းပိုင်ရှင်တို့ ချုပ်ဆိုသော ပဋိညာဉ်များ ရှိပါသည်။ ယင်းပဋိညာဉ်များအတိုင်း လိုက်နာဖို့လိုပါသည်။**

သို့ဖြစ်ရာ နိုင်ငံကြီးသားပီသမှုကိုပြပြီး ငွေစက္ကူအသုံးထက် "ချက်" အသုံးကို စတင်ကြပါစို့။

ရွှေခိုင်သိန်း(ဘဏ်)

ထေရဝါဒ ဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်း အမှတ်စဉ်(၂၂)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၆

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်း အမှတ်စဉ်(၂၂) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာနုဂ္ဂဟအသင်း တောင်တန်းသာသနာပြု သင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ သုတေသနဓမ္မသဘင် ဇမ္ဗူသီရိပိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက သင်တန်းဖွင့် သြဝါဒကထာ မြွက်ကြားတော်မူသည်။

ဖွင့်လှစ်ပို့ချ

အဆိုပါ သင်တန်းကို နယ်စပ်နှင့် တောင်တန်းဒေသများသို့ ကြွရောက်သာသနာပြုကြမည့်ရဟန်းတော်များ အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ကာ ဖွင့်လှစ်ပို့ချသင်ကြားပေးရခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ကာ သင်တန်းသား ရဟန်း ၄၂ ပါး တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းစေနိုင်ရေး လုပ်ငန်းကော်မတီ (၂/၂၀၁၂)အစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၆

အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက်ပါ ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းစေနိုင်ရေး လုပ်ငန်းကော်မတီ၏ (၂/၂၀၁၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်ရေးဝန်ကြီးရုံး၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီ ၁၁ ရပ်မှ ဥက္ကဋ္ဌ၊အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆပ်ကော်မတီများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပုဂ္ဂလိကအခန်းကဏ္ဍရှိ လုပ်ငန်းရှင်များထံမှ အခြေအနေမှန်များသိရှိ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဖြန့်ဝေမေးမြန်းမည့် မေးခွန်းလွှာ(မူကြမ်း)အား အကြံပြုဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

၎င်းလုပ်ငန်းကော်မတီသည် ပြည်တွင်းလုပ်ငန်းရှင်များအတွက် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ ထူထောင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ သိရှိနိုင်ရေး၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးအတွက် လစဉ် လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပခြင်း၊ ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများအနေဖြင့် ကုန်သည်/စက်မှုအသင်းချုပ် အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထိတွေ့ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းစေနိုင်ရေး လုပ်ငန်းကော်မတီ၏ (၂/၂၀၁၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇွန် ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၇ ဒသမ ၆၈ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၇၆ လက်မနှင့် မြိတ်မြို့တွင် ၂ ဒသမ ၆၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေဆက်လက်အားကောင်းနေမည်။

မူကြိုဆရာအတတ်ပညာသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် ဇွန် ၆

မူကြိုဆရာအတတ်ပညာသင်တန်း အမှတ်စဉ်(၂၂)ကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၌ ဇူလိုင် ၉ ရက်မှ ဩဂုတ် ၁ ရက်အထိ (စနေနေ့များ အပါအဝင်) ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် သင်ရိုးများနှင့်အညီ သင်ကြားပို့ချသွားမည်ဖြစ်ပြီး မူကြိုပညာရေးကို စိတ်ပါဝင်စားသူများ၊ ဆရာ ဆရာမများနှင့်မိဘများ သင်တန်းတက်ရောက်နိုင်ကြောင်းနှင့် သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်မည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၄၂၆) ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခ ဖုန်း-၀၁-၅၃၆၄၉၁ ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေတာရှည်မြို့နယ်ထွက် ဝါးနှီး ကျောက်ဆည်ဈေးကွက်သို့ တင်ပို့

ရေတာရှည် ဇွန် ၆

သစ်တောကြိုးဝိုင်း ဒေသများမှ ခုတ်ယူရရှိသည့် ကြသောင်းဝါး၊ တင်းဝါးတို့ကို နှီးဖြာ၍ အဝယ်ဒိုင်များမှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နှင့် ကူမဲမြို့များသို့ အဓိကတင်ပို့ရောင်းချသည်ဟု သိရသည်။ ရေတာရှည်မြို့အနောက်ဘက်ရှိ စိမ့်ရွာ၊ ချောင်းဝ၊ ရွာသစ်၊ ပေါက်ချောင်း အစရှိသည့် ကျေးရွာများမှ ဝါးနှီး လုပ်ငန်း လုပ်ကိုင်ကြသူများသည် ဝါးနှီးနှင့် ဖျာရက်လုပ်ခြင်းတို့ကို တော်သလင်း၊ သီတင်းကျွတ်လများမှစ၍ လုပ်ကိုင်ကြပြီး မိုးကျမှ အလုပ်ရပ်နားရသည်ဟု ၎င်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။ ဒေသထွက် ဝါးနှီးများကို ရေတာရှည်မြို့ အမှတ်(၆) ရပ်ကွက်ရှိ အဝယ်ဒိုင်များမှ အဓိကဝယ်ယူ၍ ကျောက်ဆည်မြို့ကို တင်ပို့ရောင်းချပြီး ဖျာလိပ်များအား ကူမဲမြို့သို့ ရောင်းချရကြောင်းသိရသည်။“ တစ်ရာသီကို ပိဿာ ၂၀ ပါ အထုံး ၂၀၀၀ လောက် ပို့ရတယ်၊ အဓိကကတော့ ကျောက်ဆည်ပါ၊ အဲဒီမှာက ကွမ်းခြံလုပ်ငန်းတွေနဲ့ နှမ်းပင်စည်းတာတွေမှာ အများအပြားသုံးကြတယ်၊ အခု မိုးရွာလာပြီဆိုရင် နှီးကိုမဝယ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နှီးက မိုးမိရင် ဖားဥစွဲတယ်၊ ခိုင်ခံ့မှုမရှိဘူး” ဟု ဝါးနှီး အရောင်းအဝယ် လုပ်သူတစ်ဦးက ရှင်းပြသည်။ ဝါးနှီးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ အထိ ရောင်းချကြရသည်ဟု သိရသည်။ (၅၇၈)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၆-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅	“လာအတူသွားကြစို့”
၈း၄၀	International News
၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရသစာပေအရေးသားအထူးပြု) (ရသစာပေအရေးသား)
၅း၀၀	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	“ရုပ်ခန္ဓာမလှပသူတို့၏ နှလုံးသားအားမာန်များ”
၅း၄၀	“ရင်ခုန်စောင့်စားယူရိုဖလား” (အုပ်စု-D)
၆း၂၀	ပျော်ရွှင်စေသောနေ့ရက်များ “နှလုံးသားမှချစ်ပန်းချီ” (အပိုင်း-၁၁) (ကျော်ကျော်ဗို၊ ရတနာဖြူဖြူအောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၀	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆း၅၀	**နိုင်ငံခြားဇာတ်လမ်းတွဲ “ဆ-ဆရာရှိသေပါ” (အပိုင်း-၁၁)**
၈း၀၀	ပြည်တွင်းသတင်း -အစာလည်းဆေး၊ ဆေးလည်းအစာ **-နိုင်ငံခြားဇာတ်လမ်းတွဲ “ရင်ဆိုင်မယ့်နေ့ရက်များ” (အပိုင်း-၁၁) -နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၆၂)**

☆မြန်မာအသင်းမှ

ရွေးချယ်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၂၂ ခြေစစ်ပွဲအုပ်စု(G)ပွဲစဉ်များကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ တစ်နေ့လျှင် သုဝဏ္ဏကွင်း၌နှစ်ပွဲ၊ အောင်ဆန်းကွင်း၌ တစ်ပွဲဖြင့် ကျင်းပသွားမည်ဖြစ်ရာမြန်မာဘောလုံးပရိသတ်များအတွက် နိုင်ငံတကာ ပြိုင်ပွဲတစ်ခုကို မျက်ဝါးထင်ထင် စောင့်ကြည့်ခွင့်ရတော့မည်ဖြစ်သည်။

အုပ်စုအနေအထားအရ အာရှဘောလုံးအင်အားကြီး တောင်ကိုရီးယားအသင်းပါဝင်နေသလို အာဆီယံဒေသတွင်း ပြိုင်ဘက်များဖြစ်သည့် မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့လည်း ပါဝင်နေရာ မြန်မာအသင်းမှာ ခြေစစ်ပွဲ အောင်မြင်ရေး ကျားကုတ်ကျားခဲ ကြိုးပမ်းရမည် ဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းနှင့် အကောင်းဆုံးအုပ်စုတတိယရတစ်သင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန်အတွက် ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားရန်လိုသလို မြန်မာဘောလုံးပရိသတ်ကြီး၏ တစ်ခဲနက်အားပေးမှုမှာ အရေးပါလာမည်ဖြစ်သည်။

❖ကျောဖုံးမှ

အချိုရည်သောက်သုံးပြီးနောက် မိနစ် ၂၀ အတွင်း သွားတိုက်ပါက သွားကို သိသိသာသာ ပျက်စီးစေနိုင်သော်လည်း ဟင်းခတ်အမွှေးအကြိုင်ကဲ့သို့သောအစာ စားသုံးပြီးနောက် မိနစ် ၃၀ စောင့်ဆိုင်းပြီး သွားတိုက်ပါက ဆိုးကျိုးဖြစ်ပေါ်မှုများကို ရှောင်ရှားနိုင်သည်ဟု ဆိုသည်။

သွားအတွင်းသား မျက်နှာပြင်များ ကာကွယ်ရေးအတွက် အစားအစာ တစ်ခုခုစားပြီးနောက် သွားတိုက်ရန် အနည်းဆုံး နာရီဝက်မှ တစ်နာရီထိ စောင့်ခိုင်းဖို့လိုသည်ဟု သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

၃ ဒသမ ၃၅ လက်မထိ သုံးနာရီကြာ ရွာသွန်းသည့်မိုး မိုးသီးနှံများအတွက် အကျိုးများ

ရေစကြို ဇွန် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဇွန် ၄ ရက် ညနေ ၆ နာရီခွဲမှ ည ၁၀ နာရီထိ ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၃ ဒသမ ၃၅ လက်မ ဖြစ်ကြောင်း သိရှိရသည်။

မြို့နယ်အတွင်း မိုးရေချိန်စခန်းသုံးခုရှိပြီး ရေစကြိုမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ငွေဂုဏ်ကျေးရွာအုပ်စုတွင် သုည ဒသမ ၇၅ လက်မ၊ စည်သာအုပ်စုတွင် ၁ ဒသမ ၂၀ လက်မ အသီးသီး ရွာသွန်းခဲ့သဖြင့် မိုးနှမ်း၊ မိုးမြေပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ စိုက်ခင်းများအတွက် အကျိုးများခဲ့ပြီး ကျွဲ၊ နွားစာအတွက် အထောက်အကူဖြစ်ခဲ့ကြောင်း သိရှိရသည်။ (၃၇၄)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသည်း

သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

အမြန်လမ်းတွင် ယာဉ်တိမ်းမှောက်၍ မောင်းနှင်သူ သေဆုံး

ရေတာရှည် ဇွန် ၆

ရေတာရှည်မြို့နယ်ကို ဖြတ်သန်းသွားသည့် အမြန်လမ်းပိုင်း မိုင်တိုင်အမှတ်(၁၈၄/၇)နှင့် (၁၈၅/၀) ကြားတွင် ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ချယ်ရီဝက်ဂွန်ကားတစ်စီး အရှိန်လွန်ကာ လမ်းဘေးအုတ်ခုံစွန်းနှင့် တိုက်မိရာက တိမ်းမှောက်ပြီး ယာဉ်မောင်းနှင်သူ သေဆုံးသွားခဲ့သည်။

တောင်မှမြောက်သို့ ယာဉ်မောင်း အောင်ကိုမြင့်(၃၀)နှစ် (ဘ)ဦးဝင်းမြင့်၊ သစ်ထုတ်လုပ်ရေး လက်ထောက်မန်နေဂျာ(ထူးကုမ္ပဏီ) အမှတ်(၅၅) (၁၉)ရပ်ကွက် မြင်းခြံမြို့နေသူ မောင်းနှင်သည့် ၂ယ/-------ချယ်ရီ ဝက်ဂွန် အဝါရောင်ယာဉ်မှာ အရှိန်လွန်၍ လမ်းလယ်ကျွန်း အုတ်ခုံအားတိုက်မိပြီး တစ်ဖက်ယာဉ်ကြောကို ရောက်ရှိသွားစဉ် ယာဉ်မောင်းမှာ ကားအတွင်းမှ လွင့်စဉ်ကျသွားခဲ့ပြီး ဦးခေါင်းနောက်စေ့၊ ဝဲလက်မောင်းတို့တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် သာဂရရဲစခန်းမှ (ပ)၉/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိသည်။ (၅၇၈)

ဆိုင်ကယ်နှစ်စီးတိုက်မိသဖြင့် သေဆုံး၊ ဒဏ်ရာရ

ကြံခင်း ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့တွင် ဆိုင်ကယ်နှစ်စီးတိုက်မိရာမှအမျိုးသမီးတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရသဖြင့် ဆေးရုံတက်၍ ကုသမှုခံယူခဲ့ရသည့် ဖြစ်စဉ်တစ်ခု ဇွန် ၅ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့ ရွာသစ်ရွာရပ်ကွက် ဘုရားကြီးလမ်းမကြီးအတိုင်း အရှေ့မှအနောက်သို့ မခင်ဆွေဦး မောင်းနှင်လာသော ဆိုင်ကယ်နှင့် မဟာဗန္ဓုလလမ်းသွယ်မှ အရှိန်ဖြင့် မောင်းနှင်လာသော မောင်ဟိန်းဇင်ဦး၏ ဆိုင်ကယ်တို့တိုက်မိကြရာ ဆိုင်ကယ်မောင်းနှင်သူ မခင်ဆွေဦး (၂၇) နှစ်မှာ ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ပြုတ်ကြပြီး ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိကာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သည်။ ၎င်းဆိုင်ကယ်နှင့် အတူပါလာသော မခင်မြတ်သူ (၂၄) နှစ်နှင့်ကလေးငယ် မောင်ဖိုးပြည့်(၃)နှစ်တို့ ဒဏ်ရာများရရှိကာ ကြံခင်းဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိသည်။

အမှုနှင့်ပတ်သက်၍ ကြံခင်းရဲစခန်းမှ ပ-၃၁/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၄ (က)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၆၄၈)

နည်းဥပဒေများ(မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကော်မတီ ပဉ္စမအကြိမ်စည်းဝေး

နေပြည်တော် ဇွန် ၆

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ(မူကြမ်း)နှင့် လယ်ယာမြေ နည်းဥပဒေများ(မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ(မူကြမ်း)နှင့် လယ်ယာမြေ နည်းဥပဒေများ(မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဝန်ကြီး ဦးအုန်းသန်းက အမှာစကားပြောကြားရာတွင် လယ်ယာမြေ နည်းဥပဒေများ (မူကြမ်း)ကို နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးများသို့ ပေးပို့တင်ပြပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆက်လက်ရေးဆွဲလျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးကြရန်နှင့် အကြံပြုချက်များကိုလည်း ကော်မတီအတွင်းရေးမှူးထံ စာဖြင့် ရေးသားပေးပို့နိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ အဆိုပြု (မူကြမ်း) ရေးဆွဲထားရှိသည့် အခန်း၊ ဖွဲ့စည်းပုံများပါဝင်သည့် ပုဒ်မများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက သက်ဆိုင်ရာ ဌာနများအလိုက် ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ(မူကြမ်း)နှင့် လယ်ယာမြေနည်းဥပဒေများ(မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကော်မတီ၏ ပဉ္စမ အကြိမ် အစည်းအဝေးကျင်းပစဉ်။
(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပတင်ပို့မှုတိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသော တိုင်းဒေသကြီး စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်ပတင်ပို့မှုတိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အထွက်တိုးစပါးများအပါအဝင် သီးနှံအရည်အသွေးကောင်းမျိုးစပါးများအား ခေတ်မီနည်းဖြင့် စနစ်တကျစိုက်ပျိုးရေး၊ လိုအပ်သော အရင်းအနှီးများကို နိုင်ငံတော်နှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များက ပူးပေါင်းကူညီ ဆောင်ရွက်သွားကြရေး၊ ရိတ်သိမ်းချိန်တွင် အလေအလွင့်ထိန်းသိမ်းရေးနှင့် ပုံမှန်ဆန်စပါးဈေးကွက်ဖြစ်ပေါ်ရေး၊ ဒေသအလိုက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ တိုင်းဒေသကြီးအတွင်း ၂၀၁၂-၂၀၁၃ ခုနှစ် စပါးတင်းသန်း(၃၀) ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်း တိုင်းဒေသကြီးအတွင်းဆောင်ရွက်နေကြသော အထူးပြုကုမ္ပဏီများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဲတော-ဝမ်းတွင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးခြင်းမှကာကွယ်ရန် ရေနုတ်မြောင်းများတူးဖော်

သတင်းဆောင်းပါး
မောင်တွေးထက်
ဓာတ်ပုံမှတ်တမ်း ကိုထွေး

ဇွန်လဆန်းသည်နှင့်မုတ်သုံဝင်၍လာချေပြီ။ မုတ်သုံမိုးဖြိုင်ဖြိုင်ရွာသည်နှင့် ယခင်ကပပ်ကြားအက်၍ ခြောက်သွေ့နေသောလယ်ကွက်များတွင် ရေတဖွေးဖွေး ဖြစ်လာသည်။ နွေရာသီကာလ ရေရှားပါးမှုကြုံတွေ့ခဲ့ရသဖြင့် မိုးကိုမျှော်နေကြသူများ မျှော်ရကျိုးနပ်၍ ပျော်ကြရလေပြီ။

သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် စက်ယန္တရားကြီးဖြင့် ကျွဲသားချောင်း ရေဆိုးထုတ်မြောင်းတူးဖော်ဆောင်ရွက်မှုကို တွေ့ရစဉ်။

သို့သော် မုတ်သုံမိုးက အရှိန်ကောင်းကောင်းဖြင့် တစ်ရက်ပြီး တစ်ရက် ဆက်တိုက်ရွာသည့်အပြင် မိုးရေချိန်လက်မ များပြီဆိုလျှင်ဖြင့် ရေကြီးနစ်မြုပ်ပျက်စီးမှု အန္တရာယ်ကို ကြုံတွေ့ရတတ်လေသည်။ ယင်းသို့ မဖြစ်ပေါ်ရလေအောင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှသာ တော်ရုံကျပေလိမ့်မည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သဲတော-ဝမ်းတွင်းမြို့နယ်သည် ပူပြင်းခြောက်သွေ့သော ဒေသတစ်ခုဖြစ်ပြီး မိုးရာသီကာလ၌ပင် မိုးရွာသွန်းမှုနည်းပါးသည်။ မှတ်တမ်းများအရ သဲတော-ဝမ်းတွင်းမြို့နယ်၌ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၂၉ လက်မခန့်သာ ရွာသွန်းကြောင်း သိရသည်။ သို့သော်လည်း အချို့သောနှစ်များ၌ မမျှော်လင့်ဘဲ မိုးရေချိန်လက်မများပြားစွာ ရွာသွန်းခဲ့သဖြင့် ဝမ်းတွင်းမြို့ပေါ် ရက်ကွက်များနှင့် ကျေးရွာများ၌ ရေကြီးနစ်မြုပ်မှုရှိခဲ့ပြီး လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့လေသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် ပူပြင်းခြောက်သွေ့သော မိတ္ထီလာလွင်ပြင်ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါ စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း ဧက ၈၀၀၀၊ သာစည်မြို့နယ်အတွင်း ဧက ၂၂၀၀၀ ပါဝင်သည်။

စီမံကိန်းမစတင်မီ မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဒေသတွင်းမိုးရွာသွန်းမှု အခြေအနေ၊ ချောင်းရိုးများအတွင်း ရေစီးဆင်းမှုအခြေအနေနှင့် လက်ရှိ သီးနှံစိုက်ပျိုးမှုအခြေအနေတို့ကို စူးစမ်းလေ့လာ၍ ဒီဇိုင်းပုံစံရေးဆွဲခဲ့သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ မြို့ကြီးရေလှောင်တမံတည်ဆောက်ပြီးစီးပါက ပြောင်းပြာနှင့် ငလိုင်းဇင်ရေသောက်စနစ်များသို့ မြို့ကြီးဆည်မှ ရေပေးဝေစေပြီး ကင်းတားရေလွှဲဆည်တွင် ပိုမိုလာမည့် ရေပမာဏများထဲမှ ကျူဆက် ၆၀၀ ကို ရေတင်စက်ရုံတည်ဆောက်၍ ရေစုပ်တင်ကာ မိတ္ထီလာလွင်ပြင်ဒေသ ဧက ၃၀၀၀၀ ကို ရေတင်အဆင့်(၈)ဆင့်ဖြင့် စိုက်ပျိုးရေပေးဝေရန်ဖြစ်သည်။

မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်သည့် ၂၀၀၄ ခုနှစ်မှစတင်၍ ဝမ်းတွင်းမြို့၊ သဲတောမြို့၊ တောင်ဆည်ကျေးရွာ၊ ကျွဲသားကျေးရွာ၊ ညောင်အုပ်ဖီးကျေးရွာတို့နှင့် ပတ်ဝန်းကျင်လယ်ယာမြေများ၌ နှစ်စဉ်ရေကြီးမှုရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် မိုးရေချိန်လက်မ များပြားစွာ ရွာသွန်းခဲ့ရာ ရေကြီးနစ်မြုပ်ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည်။ ထိုသို့ရေကြီးနစ်မြုပ်ရခြင်း၏ အကြောင်းရင်းကို လေ့လာ၍ မြောင်းများ၊ ရေထုတ်ပေါက်များနှင့် ရေပေးတူးမြောင်း ဖောက်လုပ်ခြင်း (Canal Network) ကို သေချာစွာ တွက်ချက်၍ နှစ်စဉ်မြောင်းများ ကျိုးပေါက်ခြင်း၊ သဲပို့ခြင်းများကို ကာကွယ်ရန် ဆောင်ရွက်ခဲ့သည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ စီစဉ်မှုဖြင့် ကျွမ်းကျင်ပညာရှင် ဦးမောင်မောင်ဌေး ခေါင်းဆောင်သောအဖွဲ့နှင့် မိတ္ထီလာလွင်ပြင်လျှပ်စစ်ရေတင်စီမံကိန်းမှ အင်ဂျင်နီယာများပူးပေါင်း၍ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း၏ မြောင်းမကြီးနှင့် ရေနုတ်မြောင်း တူးဖော်မည့်နေရာတို့ကို အကြိမ်ကြိမ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ဝမ်းတွင်းမြို့၏ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ ၁၀ နှစ်တာ နေ့စဉ်မိုးရေချိန်များကို လေ့လာ၍ ၁၀ ရက်ဆက်တိုက် ရွာသွန်းသော စုစုပေါင်း အများဆုံးမိုးရေချိန်များကို တွက်ချက်ရယူခဲ့သည်။

အဆိုပါ တွက်ချက်မှုများအပေါ် မူတည်၍ ရေဝေရေလဲဧရိယာ ၂၂ စတုရန်းမိုင်အတွက် ရွှံ့သီးကျေးရွာအနီး၌ အကျယ်ပေ ၆၀၊ အနက် သုံးပေ၊ အလျား တစ်မိုင်ရှိ ရေနုတ်မြောင်းကိုလည်းကောင်း၊ ရေဝေရေလဲ ဧရိယာ ၇ စတုရန်းမိုင်အတွက် ကျွဲသားကျေးရွာအနီး၌ အကျယ် ၃၅ ပေ၊ အနက် သုံးပေ၊ အလျား နှစ်မိုင်ရှိ ရေနုတ်မြောင်းကိုလည်းကောင်း တူးဖော်ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သော်လည်း သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု လုံးဝမရှိခဲ့ချေ။

မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း စီမံကိန်းကြီးကြပ်မှုအင်ဂျင်နီယာ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုးမြင့်က သဲတော-ဝမ်းတွင်းမြို့နယ် အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် “သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ၂၀၀၁ ခုနှစ်မှာ မိုးသည်းထန်စွာရွာသွန်းခဲ့လို့ ရေလွှမ်းမိုးမှုဖြစ်ပြီး လူအသေအပျောက်ရှိခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်ပြီး တူးမြောင်းနဲ့ တူးမြောင်း အဆောက်အအုံတွေ စတင်တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မတိုင်မီအထိ နှစ်စဉ် မိုးရွာသွန်းမှုများတဲ့ရက်တွေမှာ တူးမြောင်းတွေကျိုးပေါက်ပြီး သဲနုန်းပို့ခြင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဝမ်းတွင်းမြို့မှာ ၂၀၁၀ ခုနှစ် ဇူလိုင် ၂၈ ရက်က မိုးရေချိန် ၆ ဒသမ ၂၁ လက်မနဲ့ ၂၀၁၀ ခုနှစ် ဩဂုတ် ၂၅ ရက်က မိုးရေချိန် ၃ ဒသမ ၂ လက်မ ရွာသွန်းခဲ့ပြီး အဲဒီနေ့တွေမှာပဲ လွင်ပြင်ဒေသရှိ စီမံကိန်းရှင်းလင်းဆောင်မှာ ၈ ဒသမ ၄၅ လက်မအထိ ရွာသွန်းခဲ့ပါတယ်။ သဲတောရပ်ကွက်နဲ့ စီမံကိန်းဧရိယာရှိ မြောက်ဆည်ရွာ၊ ခင်ကြီး၊ ခင်ဘန်း၊ ကျွဲသား၊ ညောင်အုပ်ဖီး၊ တောင်ဆည်ရွာနဲ့ ကုန်းကျေးရွာတွေမှာ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ညွှန်ကြားရေးမှူးချုပ်ရဲ့လမ်းညွှန်ချက်အရ ဒီဇိုင်းပညာရှင် ဦးမောင်မောင်ဌေးအဖွဲ့နဲ့ မိတ္ထီလာလွင်ပြင်ရှိ စီမံကိန်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပြီးတဲ့နောက်မှာတော့ ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခြင်းမရှိတော့ပါဘူး” ဟု ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ (ဦးစီးအရာရှိ) ဦးမျိုးမင်းထွန်းက ပြောကြားရာတွင် “မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင် စီမံကိန်းဟာ ဝမ်းတွင်းမြို့နယ် ကုန်းရွာမှ အစပြုပြီး သံလမ်းနှင့်အပြိုင် တောင်ဘက်ကို ပင်မမြောင်းတည်ဆောက်ထားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရေတင်စီမံကိန်းတွေရဲ့ သဘောသဘာဝအရ ရေရှိရာအနိမ့်မှ အမြင့်သို့ မြှင့်တင်ရေပေးဝေရပါတယ်။ ပင်မမြောင်းရဲ့ အရှေ့ဘက်အခြမ်းမှာ ရှမ်းရိုးမရှိပြီး အနောက်ဘက်မှာ ဝမ်းတွင်းမြို့က တောင်စဉ်တောင်တန်းတွေ ကာရန်ထားပြီး ပင်မမြောင်းနဲ့အပြိုင် အနိမ့်ဆုံးဖြစ်တဲ့ စမုံချောင်းတည်ရှိပါတယ်။ စမုံချောင်းဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားတဲ့ Tarrain ပေါ်မှာ စီမံကိန်းဧရိယာ တည်ရှိပါတယ်။ ယခင်နှစ်များစွာက တိမ်ကောသွားတဲ့ ချောင်းရိုး၊ မြောင်းရိုးတွေလည်းရှိပါတယ်။ အဓိကအားဖြင့် စိုက်ပျိုးမြေချဲ့ထွင်ခြင်းနဲ့ လူနေအဆောက်အအုံများတည်ဆောက်ခြင်းတို့ကြောင့် ချောင်းရိုး၊ မြောင်းရိုးတွေ ပျောက်ကွယ်မှုရှိခဲ့ပါတယ်။ ရေကြီးနစ်မြုပ်မှုရဲ့ အဓိကအကြောင်းရင်းတွေကတော့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်ငယ်၊ ကန်ငယ်တွေ ပြည့်လျှံရုံသာမက ကျိုးပေါက်ပျက်စီးခြင်း၊ Natural Drainage System တွေ တိမ်ကော ပိတ်ဆို့ပျက်စီးခြင်း၊ အဓိက ရေထုတ်ရာ ဝမ်းတွင်းချောင်းနဲ့ စမုံချောင်းကြမ်းခင်း (bed)မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် ဩဂုတ် ၂၅ ရက်မှာ ရွာသွန်းတဲ့ မိုးကြောင့် သဲတော(၃)ရပ်ကွက်နဲ့ စီမံကိန်းဧရိယာအတွင်းရှိ အချို့ကျေးရွာတွေ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပါတယ်။ နောက်နောင် မဖြစ်ပေါ်စေဖို့အတွက် Natural Drainage System တွေ ဖော်ထုတ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ လုပ်ငန်းတွေ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၂၀၁၁ ခုနှစ် မိုးတွင်းကာလမှာ ရေထုတ်မှု အားကောင်းမွန်ပြီး ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခြင်းမရှိခဲ့ပါဘူး”ဟု ပြောကြားသည်။

ထို့နောက် မိတ္ထီလာလွင်ပြင်လျှပ်စစ်ရေတင်စီမံကိန်းမှ ဦးစီးအရာရှိ ဦးသူရဝင်းက ပြောကြားရာတွင် “ရေကြီးနစ်မြုပ်မှုဖြစ်စဉ်ကို ပညာရှင်တွေနဲ့ ကွင်းဆင်းလေ့လာရာမှာ ယခင်တစ်ဖက်ရပ်ဆည်ကန်များ သဲနုန်းပို့၍ တိမ်ကောနေခြင်း၊ ရေဆိုးထုတ် ရေနုတ်မြောင်းတွေ သဲနုန်းပို့ပြီး ရေစီးရေလာပိတ်ဆို့နေခြင်း၊ သဲတော-ဝမ်းတွင်းမှ စီးဆင်းလာသော ရေဆိုးမြောင်းတွေဟာ သဲနုန်းပို့ပြီး ချုံနွယ်ပိတ်ပေါင်းတွေကြောင့် ရေစီးရေလာပိတ်ဆို့မှု ဖြစ်ပေါ်နေခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် သဲတောမှစပြီး ရပ်ကွက်အတွင်း ရေနုတ်မြောင်းတွေ ရေစီးရေလာကောင်းမွန်ဖို့ သဲနုန်းဆယ်ခြင်း၊ သံလမ်းရေဆိုးထုတ်မှစပြီး ကျွဲသားရေနုတ်မြောင်းကို သဲနုန်းဆယ်ခြင်းနဲ့ မြောင်းချဲ့ခြင်း၊ ကင်းတားလက်ဝဲမြောင်း ရေဆိုးထုတ်အဝင်အထိ စမုံချောင်းအတွင်း စီးဝင်ရာရေလမ်းကြောင်းကို ပြုပြင်ဖောက်လုပ်ခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထို့ပြင် ရွှံ့သီးရေနုတ်မြောင်းကိုလည်း တောင်ဆည်ရွာအထက်ပိုင်းမှစပြီး သဲနုန်းဆယ်ခြင်းနဲ့ မြောင်းချဲ့ခြင်းတို့ကို စမုံချောင်းအထိ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ကျေးရွာချင်းဆက်လမ်းတွေ အဆင်ပြေမှုရှိဖို့အတွက် တောင်ဆည်ရွာလမ်းမှာ ကွန်ကရစ်ပွှန်မြုပ်ပေးခြင်း၊ ကျွဲသားလမ်းနဲ့ ကုန်းရွာလမ်းမှာ မြောင်းဖြတ်တံတားတည်ဆောက်ပေးခြင်းတို့ကို တစ်ပါတည်း ဆောင်ရွက်ခဲ့ပါတယ်”ဟု ပြောကြားသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်သော မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းသည် ရေရရှိရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် စီမံကိန်းဖြစ်ပြီး ဒေသတွင်း ရေကြီး နစ်မြုပ်မှုမဖြစ်ပေါ်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း နှစ်စဉ်သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ခြင်း၊ လူနေအိမ်များရေကြီးနစ်မြုပ်ခြင်းတို့ကို ကာကွယ်ပေးနိုင်ခဲ့ပြီး လမ်းပန်းဆက်သွယ်မှုလည်း အဆင်ပြေကောင်းမွန်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

သဲတော-ဝမ်းတွင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် ရွှံ့သီးချောင်း ရေဆိုးထုတ်မြောင်း တူးဖော်ဆောင်ရွက်မှုကို တွေ့ရစဉ်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အားကစားလေ့ကျင့်ရေးစခန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ သိုင်းလေ့ကျင့်ရေးစခန်းနှင့် မြင်းစီးအဖွဲ့ချုပ်၊ သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)ရှိ လက်ဝှေ့နှင့် ပိုက်ကျော်ခြင်း လေ့ကျင့်ရေးစခန်းများနှင့် တာမွေမြို့နယ် (ကျိုက္ကဆံအားကစားကွင်း)ရှိ မြားပစ်နှင့် ကျွမ်းဘားလေ့ကျင့်ရေးစခန်းများသို့ သွားရောက်၍ အားကစားသမားများ၏ လေ့ကျင့်နေမှု၊ နေထိုင်ရေးနှင့် စားသောက်ရေးပြည့်ဝစွာ ကျွေးမွေးနိုင်မှု၊ အားဆေးနှင့် အင်အားဖြည့် အစားအစာများ ဖြည့်တင်းကျွေးမွေးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်သည် ဇွန် ၅ ရက် နံနက် ၉ နာရီတွင် အင်းလျားကန်ရှိ လှေလှော်အားကစား လေ့ကျင့်ရေးစခန်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ ဝူရှူးလေ့ကျင့်ရေးစခန်းတို့ကို သွားရောက်စစ်ဆေးပြီး သုဝဏ္ဏရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး သင်တန်းခန်းမ၌ အာရှလူငယ် အသက်(၂၂)နှစ်အောက် ခြေစစ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလုံးအသင်းမှ အုပ်ချုပ်သူ/နည်းပြ၊ အဖွဲ့ဝင်များနှင့် အားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အလေးမ၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဘီလိယက်နှင့် စနူကာ၊ ကရာတေးဒို၊ ခြင်းလုံးနှင့် စစ်တုရင်အားကစားလေ့ကျင့်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများ၏ နေထိုင်၊ စားသောက်ရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်မှုအပိုင်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေတ္တာခြုံမှ လုံမည်သာ

ခင်မောင်ဌေး(ပညာရေး)

မေတ္တာတရား၏ ပကတိတန်ဖိုးသည် အလွန်ပင်ငြိမ်းအေးချမ်းသာမှု ရှိလှပါသည်။ မေတ္တာကို မေတ္တာဖြင့် ပြန်လည်ပေးဆပ်နိုင်သူတိုင်း ယင်းအကျိုးတရားများ ခံစားရမြဲလည်းဖြစ်သည်။ သို့သော် မေတ္တာတရားကို အသွင်ပြောင်းတန်ဖိုးလျော့စေမည့် လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတနှင့် အတ္တကြီးမားမှုများ ဖုံးလွှမ်းသွားသည့်အခါ မေတ္တာတရား ပျက်ယွင်းသွား၏။ အကြင်နာတရား ကင်းမဲ့သွား၏။ ထိုအခါ လူစိတ်ပျောက်သွား၏။ လူကိုပင် လူကဲ့သို့ မမြင်နိုင်။ လူစိတ်ပျောက်၍ ဖောက်ပြန်သွားသည့်အခါ ထိုလူသည် အလွန်ကြောက်စရာ ကောင်းလွန်းလှပါသည်။

ယခုတလောဖတ်ရသည့် သတင်း၊ ကြားရသည့်အကြောင်း၊ တွေ့ရသည့်မြင်ကွင်းအချို့မှာ စိတ်နှလုံး မချမ်းမြေ့ဖွယ် ဖြစ်သည်။ တလောကပင် တရုတ်နိုင်ငံတောင်ပိုင်း ဖိုရှန်မြို့ကလေးတွင် နှစ်နှစ်အရွယ်ကလေးငယ်အား ကားတိုက်ခံရသည်ကို ခုနစ်မိနစ်ကြာသည်အထိ လမ်းသွားလမ်းလာ ၁၈ ဦးက အကူအညီမပေးဘဲ နေခဲ့၏။ လူ့ကျင့်ဝတ်စံနှုန်းများ ကျဆင်းနေသည့် လူအဖွဲ့အစည်းတစ်ခုအတွင်းမှ ဝေဖန်သံ၊ ကဲ့ရဲ့သံ၊ ရှုတ်ချသံများ ကြားခဲ့ရ၏။

မကြာသေးမီကပင် စာရေးသူနေထိုင်ရာ အိမ်ရှေ့ (၇)လမ်းတွင် ထိတ်လန့်ဖွယ်ရာ မီးရှို့သတ်မှုတစ်ခု ကိုယ်တွေ့မျက်မြင်ကြုံခဲ့ရ၏။ မီးငြိမ်းရန်လာသည့် ရပ်ကွက်လူထုမှာ အခင်းဖြစ်ပွားရာအခန်းသို့ ရောက်ရှိပြီး ရေဆွတ်ထားသည့် စောင်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရ၏။ ညီမဖြစ်သူမှာလည်း မီးဟုန်းဟုန်းစွဲနေသည့် အစ်မဖြစ်သူကို ကယ်တင်နိုင်ရန် အိမ်ရှေ့ဆန်းရှိတ်မှ တစ်ဖက်ခန်းသို့ကူးကာ အကူအညီတောင်းခဲ့သည်ကို ပြင်ပမှ လှမ်းမြင်ကြ၏။ သို့သော်လည်း ကုသိုလ်ကံမကောင်းခဲ့ပါ။

ထိုအဖြစ်အပျက်နှင့် မရှေးမနှောင်းမှာပင် လမ်းမတော်မြို့နယ်တွင် ပစ္စည်းလုယက်၊ လူသတ်၊ မီးရှို့သည့်သတင်း ဖတ်ရပြန်သည်။ မြေပါလည်းဆုံး သားလည်းဆုံးရသည့် ရင်နင့်စရာဖြစ်ရပ်ဆိုးတစ်ခုပင်။ ယင်းရက်ပိုင်းအတွင်းမှာပင် လှည်းတန်းကျောင်းရှေ့တွင် အမည်မသိလူတစ်ဦးက အနီးအနားတွေ့သမျှဆိုင်မှ ပစ္စည်းများကို ရိုက်ခွဲနေသည့် ဖြစ်ရပ်ကြားရသေးသည်။ မည်သူမျှမဆွဲရဲ။ ထိုသူရိုက်ချင်သလိုရိုက်၊ ခွဲချင်သလိုခွဲပြီးသွားသောအခါ ရဲများရောက်လာကာ ဖမ်းသွားတော့၏။ တရားဥပဒေ၏ ပြစ်ဒဏ်ကို ခံရမည်ဖြစ်သော်လည်း ဘုမသိဘမသိဘဲ အကွဲအပြဲ၊ ဖရိုဖရဲဖြစ်၍ ဆုံးရှုံးကျန်ရစ်ခဲ့ရသည့် ပြည်သူများအဖို့ ကိုယ့်ဘဝကံအကြောင်းမလှ၍ဟု 'ကံ'ကိုသာ ယိုးမယ်ဖွဲ့ကြရပေတော့မည်။

ယခုရက်ပိုင်းအတွင်း မြန်မာ့အလင်းသတင်းစာတွင် အဝေးပြေးလမ်းမတစ်နေရာမှ အကူအညီမဲ့၊ တာဝန်မဲ့လုပ်ရပ်အကြောင်း ကြားသိရသည်မှာလည်း စိတ်မကောင်းစရာပင်။ "ကူညီပါရစေ" ဆိုသည်မှာ နေရာအကန့်အသတ်ရှိမည်ဟုမထင်။ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ၊ ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ ဘေးဒုက္ခရောက်နေသူများအား အားငယ်သူကို အားပေးခြင်း၊ အကူအညီလိုအပ်နေသူကို ဖေးမကူညီခြင်းသည် အစဉ်အလာအားဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည့် မြန်မာလူမျိုးများပင် ဖြစ်ပါသည်။

စင်စစ်လူ့လောကကြီးသည် အကြင်နာမေတ္တာတရားတို့ လွှမ်းခြုံနိုင်ပါမှ လုံခြုံအေးချမ်းသာယာနိုင်မည်ဖြစ်သည်။ ။

ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ သိန်းနိုင်စိုး ဦးဆောင်ကစားလျက်ရှိ

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသည့် Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဒညင်းကုန်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အမှုဆောင်များ၊ Myanmar Brewery Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယနေ့ (၁၈) ကျင်းပြိုင်ပွဲအပြီးတွင် သိန်းနိုင်စိုး (မြန်မာ)က နှစ်ရက်ပေါင်း လေးချက်လျှော့ရိုက်ပြီး ၁၄၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ **(အောက်ပုံ)** ITTHIPAT BURANATANYARAT (ထိုင်း)နှင့် KASIDIT LEPKURTE (ထိုင်း)တို့ နှစ်ဦးက နှစ်ရက်ပေါင်း ၁၄၄ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး AHMAD FAUZI (မလေးရှား)က နှစ်ရက်ပေါင်း ၁၄၅ ချက်ဖြင့် တတိယလိုက်သည်။

ပြိုင်ပွဲ၏ တတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ဇွန် ၇ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျပန်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကျင်းပသော Random Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ နှစ်သိမ့်ဆုရ ဖွဲ့သူရအောင်၊ ပဉ္စမဆုရ ဌေးမင်းလွင် (သစ်တော)၊ စတုတ္ထဆုရ အောင်နိုင် (ကာကွယ်ရေး)နှင့် တတိယဆုရ ကျော်လင်းနိုင် (သစ်တော) တို့အား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ဒုတိယဆုရ မြင့်ဟန် (ပို့ဆောင်ရေး)အား ဆုငွေကျပ်တစ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က တတိယဆုရ ကျော်လင်းနိုင်နှင့် ဒုတိယဆုရ မြင့်ဟန်တို့အား ဆုဖလားများကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က ပထမဆုရ မျိုးနိုင် (ပို့ဆောင်ရေး)အား ဆုငွေကျပ်တစ်သိန်းငါးသောင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမတံခွန်စိုက်ဒိုင်းဆုရ မျိုးနိုင် (ပို့ဆောင်ရေး)အား ပင်မတံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦး ဝန်ထမ်း ၄၆ ဦးအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

ရီးယဲလ်၌သာ ဘောလုံးသမားဘဝကို အဆုံးသတ်မည့် ခရစ္စတီယာနိုရိုနယ်လ်ဒို

မက်ဒရစ် ဇွန် ၆

ပေါ်တူဂီနှင့် ရီးယဲလ်မက်ဒရစ် တောင်ပံကစားသမား ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိပြီး လေးနှစ်တာကာလအတွင်း စပိန်လာလီဂါဖလားရရှိရေးအတွက် စွမ်းဆောင်ပေးခဲ့ပြီးနောက် ၎င်း၏ ကြေးစားဘောလုံးသမားဘဝကို စပိန်အင်အားကြီးကလပ် ရီးယဲလ်မက်ဒရစ်အသင်း၌သာ အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ဇွန် ၆ ရက် စပိန်အားကစားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရိုနယ်လ်ဒိုသည် မန်ယူအသင်းမှ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အတွက် ပွဲပေါင်း ၆၀ ကစားပြီး ဂိုးပေါင်း ၅၅ ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။ ရိုနယ်လ်ဒိုသည် ပြီးခဲ့သည့် သုံးနှစ်က ၎င်းအား စံချိန်တင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ထိုက်တန်သည့် ပေးဆပ်မှုဖြင့် ပြန်လည်တုံ့ပြန်မည်ဟု ကတိပြုထားခဲ့သည်ဟု ဆိုသည်။

ရိုနယ်လ်ဒိုသည် ၎င်း၏ ဘောလုံးသမားဘဝကို ရီးယဲလ်၌သာ ကုန်ဆုံးရန် ဆုံးဖြတ်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း၌ ၁၀ နှစ်ကြာ ဆက်ရှိနေရန် ရည်ရွယ်ထားသည်။ သို့သော် အခြားကံကြမ္မာ အပြောင်းအလဲကို မပြောနိုင်ကြောင်းလည်း ပြောကြားထားသည်။

ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ပြင်ဆင်နေသော ပေါ်တူဂီအသင်း၏ အားထားရသည့် ရိုနယ်လ်ဒိုက မိမိသည် ဘောလုံးသမိုင်းတွင် ပြောင်းရွှေ့ကြေး အမြင့်ဆုံးစံချိန်တင်ကစားသမားဟု ယူဆကြောင်းနှင့် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ နည်းပြ စူပါဝမ်းမော်ရင်ဟိုမှာလည်း အသင်း၌ ၂၀၁၆ ခုနှစ်အထိ ဆက်နေရန် စာချုပ်ထားခဲ့ခြင်းကြောင့် ရိုနယ်လ်ဒိုအနေဖြင့် ရီးယဲလ်၌ ကြေးစားဘောလုံးသမားဘဝ အဆုံးသတ်ရန် ရည်ရွယ်ခဲ့သည်ဟုလည်း သတင်းတွင် ဖော်ပြသည်။

အင်တာနက်။

နိုင်လင်းကြည်

ချယ်လ်ဆီးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း အိုင်ဗန်နိုဗစ်ဖွင့်ဟ

လန်ဒန် ဇွန် ၆

လန်ဒန်အနောက်ပိုင်းအခြေစိုက် ချယ်လ်ဆီးအသင်းမှ နောက်တန်းကစားသမား အိုင်ဗန်နိုဗစ်သည် ၎င်းအား အီတလီကလပ် နာပိုလီအသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုများ ရှိခဲ့သော်လည်း စတမ်းဖို့ဒ်ဘရစ်ချ်မှ ထွက်ခွာရန် ရည်ရွယ်ထားခြင်း မရှိကြောင်း အိုင်ဗန်နိုဗစ်က ဖွင့်ဟခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ချယ်လ်ဆီး နောက်တန်းကစားသမားသည် ၂၀၀၈ ခုနှစ်က လိုကိုမိုတစ်မော်စကိုမှ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ဘောလုံးသမားဘဝကို အဆင့်မြှင့်ကစားသမားအဖြစ် ပြောင်းလဲတည်ဆောက်နေချိန်တွင် ဥရောပတစ်လွှားမှ ကလပ်များ၏ စိတ်ဝင်စားမှုကို ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

အိုင်ဗန်နိုဗစ်၏ ကိုယ်စားလှယ်ဖြစ်သူက အိုင်ဗန်နိုဗစ်သည် ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် မျှော်လင့်ထားခြင်း မရှိကြောင်း ပြောကြားခဲ့သော်လည်း အီတလီကလပ် နာပိုလီအသင်းနှင့်အတူ စပိန်အင်အားကြီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ကမ်းလှမ်းခဲ့သည်ဟု ဆိုသည်။

အိုင်ဗန်နိုဗစ်သည် လက်ရှိကလပ် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ် ကျန်ရှိနေသေးသည်။ သို့သော် ယင်းစာချုပ်သက်တမ်းကုန်ပါက အသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုမည်ဖြစ်ခြင်းကြောင့် နာပိုလီအသင်းနှင့် ဆွေးနွေးမှုပြုလုပ်မည်မဟုတ်ကြောင်းနှင့် ချယ်လ်ဆီးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း အိုင်ဗန်နိုဗစ်က အတိအလင်း ပြောကြားခဲ့သည်။ **အင်တာနက်။**

Congratulations to the **NAING FAMILY Co. Ltd.**
(Cherry Oo Watch Gallery) *for Being Accredited with ISO 9001:2008 Certificate*

မြန်မာနိုင်ငံနာရီလောကတွင် အရည်အသွေးမြင့်မားသော နာရီများနှင့် ပတ်သက်ပြီး Import, Sales, Distribution and After Sales Services of Watches အတွက် အင်္ဂလန်နိုင်ငံ (United Kingdom Accreditation Service) မှချီးမြှင့်သည့် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှုစနစ် ISO 9001:2008 (Management System) လက်မှတ်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် **Admin Director** ဒေါ်ခင်အေးမြင့်၊ **General Manager** ဦးမောင်မောင်စိုး၊ ဦးကျော်ကျော်မိုး၊ **Assistant General Manager** ဦးဖြိုးမောင်မောင်ကြူ နှင့် **NAING Family Co. Ltd. (Cherry Oo Watch Gallery)** မှ ဝန်ထမ်းများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးကျော်နိုင်ဦး
Chairperson
NAING Group Of Companies

ဦးဇော်နိုင်ဦး
Chairman
NAING Group Construction Co. Ltd.

ဦးသက်နိုင်ဦး
Chairman
NAING Family Co. Ltd.

ဒေါ်လှဲ့ရည်ဝင်း
Managing Director
NAING Group Construction Co. Ltd.

ဦးအောင်နိုင်ဦး
Managing Director
Champion Construction Materials Co. Ltd.

ဦးဇင်ဖြိုး
Chief Executive Director
NAING Group Construction Co. Ltd.

ဦးအောင်နိုင်မိုး
Business Director
NAING Group Construction Co. Ltd.

ဦးစောမြင့်အောင်
Operation Director
NAING Group Construction Co. Ltd.

ဦးသန်းရှိန်
Director Engineer
NAING Group Construction Co. Ltd.

ဦးထက်နိုင်ဦး
Chief Executive Officer
Myanmar New Generation Design Co. Ltd.

ဒေါက်တာဒေါ်တင်တင်ဝင်း
Director Engineer (Structure)
NAING Group Construction Co. Ltd.

ဒေါ်မြသီတာ
Director
NAING Group Construction Co. Ltd.

ဦးကိုကိုဦး
Chief Executive Officer
Champion Construction Materials Co. Ltd.

Mr. A Hussein Vora
Chief Executive Officer
GEO-TECH PILE Co. Ltd.

ကျေးဇူးတင်ရှိခြင်း

ထိုင်းနိုင်ငံ၊ ပတ္တရားမြို့ St. Andrew Rayong Green Valley ဂေါက်ကွင်း၌ ၂၀၁၂ခုနှစ်၊ ဧပြီလ ၃-၆ရက်အထိ ကျင်းပပြီးစီးခဲ့သော 11th True Visions International Junior Golf Championship ပြိုင်ပွဲ အသက် ၁၅-၂၁ အတန်းတွင် ထိုက်တန်စွာ အနိုင်ရဗိုလ်စွဲနိုင်ခဲ့သဖြင့် ကျွန်တော်ကဲ့သို့ လူငယ်ကစားသမားများကို ခေါ်ယူမြေတောင်မြှောက်ပေးကာ အစစအရာရာ ပံ့ပိုးကူညီပေးခဲ့သည့် Managing Director - Royal Mingalardon Golf & Country Club နှင့် နည်းပြဆရာ ဦးဆန်းထွန်း PGA Profefssional တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မောင်ရဲထက်အောင်



ပြင်ဆင်ဖတ်ရှုပါရန်

၆-၆-၂၀၁၂ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ Earth Group of companies မှUrgently Required ကြော်ငြာတွင် (6)Operators-(4,000) posts ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမြန်အလိုရှိသည်
ပြည်တွင်း၌သာခန့်ထားရန်

Earth Group of Companies လက်အောက်ရှိ လျှပ်စစ်နှင့်အီလက်ထရောနစ်အစိတ်အပိုင်းများ ထုတ်လုပ်သောစက်ရုံတွင် ခန့်ထားနိုင်ရန်အတွက်အောက်ဖော်ပြပါအလုပ်နေရာများလျှောက်ထားနိုင်ပါသည်။

(၁) Engineer -(၃)နေရာ
- B.E (Mech/EP/EC)
- လုပ်ငန်းအတွေ့အကြုံ(၁-၂)နှစ်ရှိရမည်။
- အသက်(၂၅-၃၅)နှစ် အတွင်းဖြစ်ရမည်။
- အင်္ဂလိပ်စာရေးသား ပြောဆိုနိုင်ရမည်။
- 2D/3D ကွန်ပျူတာ CAD အသုံးပြုနိုင်ရမည်။

(၂) Administration Manager -(၃)နေရာ
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီး ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။
- အသက်(၄၀-၄၅)နှစ် အတွင်းဖြစ်ရမည်။
- အင်္ဂလိပ်စာရေးသား ပြောဆိုနိုင်ပြီး Microsoft Office Appliction အသုံးပြုနိုင်သူဖြစ်ရမည်။

(၃) QA Manager -(၃)နေရာ
- B.E (Chem;/EP/EC)
- ISO 9001,ISO 14000, OHSAS 18000 အတွေ့အကြုံရှိလျှင် ဦးစားပေးစဉ်းစားပါမည်။
- လုပ်ငန်းအတွေ့အကြုံ(၈-၁၀)နှစ်ရှိရမည်။
- အသက်(၃၅-၄၅)နှစ် အတွင်းဖြစ်ရမည်။

(၄) QC Manager -(၃)နေရာ
- B.E (Chem;/Electronics Engineering)
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။
- ISO 9001,ISO 14001, TS 16949 အတွေ့အကြုံရှိလျှင် ဦးစားပေးရွေးချယ်ပါမည်။
- အသက်(၃၀-၄၅)နှစ် အတွင်းဖြစ်ရမည်။

(၅) - Main tenance Engineer -(3)Posts
- B.E(Civil) -(၁)နေရာ
- AGTI (Civil) -(၁)နေရာ
- AGTI(Electrical) -(၁)နေရာ
- လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။
- အသက်(၃၅-၄၅)နှစ်အတွင်းဖြစ်ရမည်။

(၆) Operators -(၄၀၀၀)နေရာ
- အနိမ့်ဆုံး အခြေခံပညာအလယ်တန်း အောင်မြင်ပြီး၍အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် လျှောက်လွှာနှင့်အတူကိုယ်ရေးရာဇဝင်(C.V)၊ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်ပူးတွဲ၍ ၁၅-၆-၂၀၁၂ရက် ထက်နောက်မကျစေဘဲအောက်ဖော်ပြပါလိပ်စာသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။(လုပ်ငန်းအတွေ့အကြုံအပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကိုလျှော့ပေါ့စဉ်းစားပါမည်။ ပဏာမရွေးချယ်ခြင်းမခံရသူများထံသို့ လူတွေ့စစ်ဆေးရန် အကြောင်းပြန်ကြားမည်မဟုတ်ပါ။)

အမှတ်စဉ်(၁)မှ(၅)နေရာများအတွက်	**အမှတ်စဉ်(၆)နေရာအတွက်**
Earth Group of Companies	**Earth Factory(1)Gate (3)**
အမှတ်-၅၃/၅၄၊ ပြည်လမ်း။	**အမှတ်(၄၇၅)၊ ယောက်ကော်လမ်း၊ (၂၃)ရပ်ကွက်၊**
(၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။	**စက်မှုဇုန်(၁)တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။**
ဖုန်း-၆၆၁၂၂၂၊ ၆၅၂၇၃၀၊ ၆၅၁၆၉၆	**ဖုန်း-၅၉၁၁၁၀၊ ၅၉၁၅၁၃၊ ၅၉၀၉၃၂**





"မသန်စွမ်းဟုသာ သုံးနှုန်းပါ"ဆန္ဒပြပွဲ တက်ရောက်ရန် ဖိတ်ကြားခြင်း

မသန်မစွမ်းဆိုသည့် အသုံးအနှုန်းအစား မသန်စွမ်းဟုသာ သုံးနှုန်းရန် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားသည့် စုပေါင်းအားမာန် မျက်မမြင် အလုပ်သမားအဖွဲ့၊ ရန်ကုန်နားမကြားအသင်း၊ မန္တလေးနားမကြား လူငယ့်ရိပ်သာ၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ ရွှေ့ဆောင်မျက်မမြင်ကျောင်း-မိတ္ထီလာ၊ မသန်စွမ်းသူများ ဘဝမြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံ မသန်စွမ်းအမျိုးသမီးများအသင်း၊ ပန်းပျိုးလက် SHG, Pilot SHG, သင်ယူမှုနှေးသောကလေးများ၏ မိသားစုကွန်ယက်၊ Unity သင်ယူမှုနှေးသော လူငယ်များအဖွဲ့၊ မြန်မာနိုင်ငံ Autism အသင်း၊ လက်တွဲဖော် SHG တို့နှင့် မသန်စွမ်းသူများအတွက် ဖွင့်လှစ်ထားသည့် Lumbini Academy, Light House Learning Center ကျောင်းများ စုပေါင်း၍ ဆန္ဒပြပွဲကို ကန်တော်ကြီးဟိုတယ်တွင် ၉-၆-၂၀၁၂ရက် နံနက် ၉နာရီမှ စတင်ကျင်းပမည်ဖြစ်ပါသည်။ မသန်စွမ်းသူများအားလုံး အခမဲ့တက်ရောက်နိုင်ပါသည်။ စိတ်ဝင်စားသူများ တက်ရောက်လိုပါက လူဦးရေကန့်သတ် ထားသဖြင့် ၀၁-၅၄၆၉၁၃၊ ၀၉-၅၄၀၃၄၇၀ တို့သို့ ၇-၆-၂၀၁၂ရက် ရုံးချိန်အတွင်း နောက်ဆုံးထား ဆက်သွယ်စာရင်းပေးနိုင်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံ မသန်စွမ်းအမျိုးသမီးများအသင်း

ပုလဲရတုမင်္ဂလာဆုမွန်တောင်းလွှာ

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ချစ်ဖေဖေ **ဦးဝင်းဖေ**(အင်ဂျင်နီယာချုပ်၊ အဆောက်အအုံ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်)နှင့် ချစ်မေမေ**ဒေါက်တာခင်ကျော့ယဉ်** B.V.S (Rgn)(မြို့နယ်ဦးစီးမှူး-ငြိမ်း) KYAWT GEMS & JEWELLERY TRADING တို့၏ ၁-၆-၂၀၁၂ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီး၊ ချစ်သားတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့သအပ်ပါသည်။

ချစ်သမီးကြီး - ဒေါက်တာစုမင်းမင်းထိုက် M.B.,B.S(MDY)
လုပ်ငန်းအရာရှိ၊ FDA မန္တလေးမြို့

ချစ်သားငယ် - ကိုနေမင်းထိုက် B.E(Mechanical), B.Sc(Maths)
M.D.NAY MIN HTAIK INTERNATIONAL CONSTRUTION & TRADING & MINNING COMPANY LIMITED



ဆရာ မိတ်ကပ်ဉာဏ်ဉာဏ်(လှည်းတန်း)အတွက် မွေးနေ့ဆုမွန်

ကြီးမားသောချစ်ခြင်းများနှင့် လမ်းညွှန်သွန်သင် ဆုံးမပေးသော ချစ်ခင်လေးစားရပါသော ဆရာ မိတ်ကပ် **ဉာဏ်ဉာဏ်** (လှည်းတန်း)၏ ၇-၆-၂၀၁၂ရက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောတပည့်များ၏ ချစ်ခင်အားကိုးမှုကိုခံယူရင်း လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ထမ်းဆောင်ပြီး ပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်းမှာ အခက်အခဲများကို ကျော်လွှားပြီး အောင်မြင်မှုအလုံးစုံရယူပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---

ချစ်တပည့်-နီနီထွေး
မိုးမြင့်ယံ (အမျိုးသမီးသီးသန့်)ဆံပင် မိတ်ကပ် အလှပြုပြင်ရေး



လူပျောက်

ကျွန်တော် ဦးအောင်မျိုးခိုင်၏ ဇနီးဖြစ်သူ ဒေါ်တင်သွယ်အေး [၁၂/ရကန(နိုင်)၀၀၂၉၁၉]သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖုန်း-၀၉ ၇၃၀၅၅၄၃၄



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၂၀၈၊ မြေကွက်တည်နေရာအမှတ်-၂၀၈၊ ၄၅ရပ်ကွက်၊ ဒဂုံမြောက်(ဦးတင်ညွှန့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ညွှန့်နှင့်ဇနီး ဒေါ်စောချစ်တို့အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ခင်လေးနွယ်၊ (၂) ဒေါ်ကေသီမွန်၊ (၃)ဒေါ်အေးအေးမြင့်တို့မှ သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၃၈၇/၁၂/၂၂-၂-၁၂ဖြင့် ဦးမျိုးညွှန့်[၁၂/ကမရ(နိုင်)၀၄၀၄၆၀]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈စီ၊ မြေကွက်အမှတ်-၆၅စီ၊ မြေကွက်တည်နေရာအမှတ်-၅၅၊ ဝေလုဝန်လမ်း၊ စမ်းချောင်း ဦးမောင်ကြီး၊ ဦးကျော်(၂)၊ ဒေါ်ကြည်ကြည်၊ ဦးထိန်ဝင်း၊ ဒေါ်အုန်းသိန်း အမည်ပေါက်မြေပိုင်မြေအား မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏တစ်စိတ်တစ်ဒေသဖြစ်သော ဒေါ်အုန်းသိန်းပိုင်ဆိုင်သောအစုကို ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်-၁၀၂၁/၉၅/၃၀-၅-၉၅၊ အမှားပြင်စာချုပ် ၁၀၂၀/၉၅/၃၀-၅-၉၅ဖြင့် ဒေါ်စန်းစန်းယု+၇မှ ပိုင်ဆိုင်ခဲ့ပြီး ဒေါ်စန်းစန်းယု+၇ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၁၉၄၆/၀၂/၁၃-၅-၀၂ဖြင့် မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ နောက်ဘက်ခြမ်း (၀.၁၄၃)ဧကကို ဦးဘသိန်း(ခ)ဦးသန်းနိုင်မှ ဝယ်ယူခဲ့ပါသည်။ ဦးဘသိန်း(ခ)ဦးသန်းနိုင်ထံ အရောင်းအဝယ်စာချုပ်အမှတ်-၄၇၉၇/၀၂/၄-၁၂-၀၂ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ကြည်[၁၂/ပဘတ(နိုင်)၀၁၇၉၉၁]၊ ဒေါ်ခင်မြင့်ရီ[၁၂/ပဘတ(နိုင်)၀၀၈၈၁၄]တို့မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရောင်းမည်

- ALPHARD-G 2002 3000cc
- Black

အတွင်းခန်းအသားရောင်၊ ကျွန်းကွက်

ဈေးနှုန်း သိန်း ၃၀၀၊ ညှိနှိုင်း

ဖုန်း-၀၉-၅၁၆၄၂၅၅





ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၇၉)၊ မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဒေါ်မိမိမော်[၁၂/မရက(နိုင်)၀၇၅၂၅၃]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၇၉)
အမှတ်(၁၁)၊ ပထမထပ်(ဝဲ)၊ မဥ္ဇူလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၇၃၁၃၂၉၄၂၊ ၀၉-၄၂၁၀၂၂၇၇၄

အများသိစေရန်ကြေညာခြင်း

၁။ **"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၀)ရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ် ၁၅၁၁"**ဟု ခေါ်တွင်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ လူနေရပ်ကွက်(-)၊ မြေကွက်အမှတ်(၁၅၁၁)၊ အကျယ်အဝန်း ပေ(၄၀×၆၀) ရှိ"ဦးလှမြင့်ချို" အမည်ပေါက်နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ် ပေါင်း(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးလှမြင့်ချို၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၈၄၁/၂၀၁၁ရရှိထားသူ ဦးဆန္ဒမောင်[၁၂/ တကန(နိုင်)၀၀၁၇၆၅]က အပြီးအပိုင်ရောင်းချရန် ကျွန်ုပ်မိတ်ဆွေတစ်ဦးတို့ တိကျစွာ ကတိပြုထားပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်အိမ်ပေါင်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာမပေါ်ပေါက်ပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမြင့်(စဉ်-၆၃၉၉)
B.Sc(Geol); H.G.P., R.L; D.B.L; D.M.L, D.I.L,WIPO (SWITZERLAND)
တရားလွှတ်တော်ရှေ့နေ
ရုံးအမှတ်-၇၇၊ ပထမထပ်၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၅၈၂၄၊ ၀၉-၅၀၇၉၄၈၆၊ ၀၉-၄၉၇၄၄၃၃၂

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ဦးနေလင်းအောင်
B.Com, C.P.A
ACCA(UK) → F1,F2,F3 (Dip in Accounting & Business)
F4,F5,F6,F7,F8,F9, (Dip IFR)

ဂုဏ်ထူးဦးအောင်နိုင်
Basic Grammar (2 Color)
Essays & Letters (3 Color)
01 232 919, 09 430 85263

ဦးအောင်ဝင်း
LCCI
June-16 (Sat)
Aircon
371741, 240824, 381359

ဦးအောင်နိုင်
CPA
LCCI June 23

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသန္တာအောင် မြန်မာနိုင်ငံကူးအမှတ်-ဧ၃၇၂၅၄ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၃၁၉၂၅**

အမည်ပြောင်း

ဦးဝင်းကြိုင်၏ သား တင့်နိုင်ဝင်း [၁၂/မရက(နိုင်)၁၃၃၀၅၅]ကိုင်ဆောင်သူအား ထက်နိုင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **ထက်နိုင်ဝင်း**

ASIA MASTERS
Confederation of Tourism and Hospitality (CTH)
www.jobformyanmar.com www.cthawards.com
LEVEL-4 DIPLOMA IN TOURISM MANAGEMENT
LEVEL-4 DIPLOMA IN HOTEL MANAGEMENT
Front office oprations,Housekeeping operations, food & beverage (Service)
Diploma in Hotel Management
Asia Plaza Hotel
01-379311, 391378-Ext.715, 09-73162721, 73050603

Mingalar CINEMA
6th Floor , Dagon Center II
CINEMA

မွေးနေ့ဆုတောင်း

၇-၆-၂၀၁၂ရက်တွင် ကျရောက်သော **မိတ်ကပ် ဉာဏ်ဉာဏ် (လှည်းတန်း)**၏ (၄၆)နှစ်ပြည့်မွေးနေ့မှစ၍ စိတ်၏ အေးချမ်းခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြီးပြည့်စုံပြီး အတ္တပရညီမျှစွာဖြင့် သာသနာ့အကျိုး ဆတက်တိုး ဆောင်ရွက်နိုင်ပြီး အောင်မြင်မှုပေါင်းများစွာ ထာဝရ ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းလျက်. . .

မာမီစိန်(ဗိုလ်ချုပ်ဈေး)၊ ကိုဇော်အောင်စိုး

ကိုညွန့်တင်-မတင်တင်ထွေး (ချစ်တူလေး) မောင်ကောင်းညွန့်

— — — — —

ဆရာရဲ့မွေးနေ့မှစ၍ကျန်းမာပျော်ရွှင်စွာနဲ့ အောင်မြင်မှုပေါင်းများစွာ ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ဆုတောင်းလျက်. . .

ချစ်တပည့်များ - **စန်းစန်း၊ ထူးထူး၊ နီထွေး၊ ကေသီ၊ ဥမ္မာ၊ ဆွေဇင်ဝင်း၊ မမျိုး၊ သင်းသင်း၊ သိမ်မွေ့၊ ချစ်ချစ် (MRTV-4)၊ ထက်ထက်၊ ဒေးဗစ်ချန်း၊ သဲသဲ၊ နီနီ၊ အိအိ၊ ကေသီ (ဒဂုံ)၊ စုစု(မြိတ်)၊ သန္တာ၊ ဘုတ်ဘုတ်၊ မဒွေးဝင်း၊ စုစန္ဒီ၊ သီတာ၊ ဂျူလိုင်၊ မခိုင်၊ သဇင်၊ အေးအေးတင်၊ ဇာဇာ၊ ထွေးထွေး၊ မေဇွန်၊ မေဇင်၊ ပွံ့ပွံ့၊ ဝါဝါ၊ နန်းသဇင်၊ နန့် ဟေမာ၊ စုစုလွင်၊ ရီရီလွင်၊ သိမ့်သိမ့်၊ နန္ဒာဝင်း၊ နော်မေရီ၊ နော်ဆောင်းဦး**

— — — — —

မိတ်ကပ်ဉာဏ်ဉာဏ်(လှည်းတန်း) မွေးနေ့မှစ၍ ထာဝရ အောင်မြင်မှုပေါင်းများစွာ ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းလျက်. . .

ရုပ်ရှင်သရုပ်ဆောင်-သန်းသန်းစိုး

မော်ဒယ်သရုပ်ဆောင်-တင်မိုးလွင်

ရုပ်ရှင်သရုပ်ဆောင်-နဒီဝင့်နိုင်

ဖခင်အမည်မှန်

အထက(၁)၊ လှိုင်သာယာမြို့နယ်၊ အဋ္ဌမတန်းတွင် ပညာသင်ကြားမည့် မောင်ဟိန်းထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်နိုင် ဖြစ်ပါသည်။

ဦးဇော်ဇော်နိုင်
[၁၀/မလမ(နိုင်)၁၆၁၃၃၅]

အမည်ပြောင်း

အဖ ဦးသန်းအောင် [၁၂/ပဇတ(နိုင်) ၀၀၆၇၃၅]၏သမီး အမှတ်(၅) အလယ်တန်းကျောင်း ပဥ္စမတန်း(A) သာကေတမှ ဇင်မာအောင်အား စိန်စံအိမ်ဟု ခေါ်ဆိုပါရန်။

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅/ကံဘဲ့)၊ မြေကွက်အမှတ်-(၄၈/တ၂)၊ ဧရိယာ (၀. ၁၈၅) ဧကရှိ လ/န-၃ (ခ)ရပြီး မြေပိုင် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းသွယ်၊ အမှတ်(၈/၁၀)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း (စဉ်-၆၃၀၇) တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/စီ)၊၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉ ၅၁၆၀၆၀၇

ရေစကြိုမြို့ ကျက်သရေဆောင်သာသနာ့ဗိမာန်တော်ကြီး အလှူတော်ငွေပေးအပ်ပွဲနှိုးဆော်လွှာ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် မြို့နယ် သံဃနာယကအဖွဲ့တို့မှ ဦးဆောင်၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့ ကျက်သရေဆောင်သာသနာ့ဗိမာန်တော်ကြီးကို တည်ဆောက်လျက်ရှိရာ အဆောက်အအုံမှာ အကောင်အထည်ပေါ်လာပြီဖြစ်ပါသည်။ ဆက်လက်၍ အချောမွမ်းမံရန် ကျန်ရှိနေသေးသော လုပ်ငန်းစဉ်များအတွက် တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ကုသိုလ်ရှင် သူတော်ကောင်းအပေါင်းတို့အား ပါဝင်လှူဒါန်းနိုင်ပါရန် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ **အကျိုးတော်ဆောင်အဖွဲ့**

သာသနာ့ဗိမာန်တော်ကြီးဖြစ်မြောက်ရေးကော်မတီ
ရန်ကုန်မြို့

အစီအစဉ်

ကျင်းပမည့်နေ့ရက် - ၁၇-၆-၂၀၁၂ ရက်(တနင်္ဂနွေနေ့)
၁၃၇၄ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၅၈၃၄၊ ၀၁-၇၀၆၆၅၂

ကုသိုလ်ရှင်အပေါင်းတို့အား နံနက်စာဖြင့် တည်ခင်းဧည့်ခံပါမည်။

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနက အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံစိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာ စာအုပ်(၁၁)မျိုးအား စက္ကူနှင့်ပုံနှိပ် ချုပ်လုပ်ထုပ်ပိုးခြင်း အပါအဝင် လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ပေးသွင်းရမည့် ပုံစံများကို ရုံးအမှတ်(၁၃) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၅ ရက် ညနေ ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးအမှတ်(၁၃) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းအမှတ် ၀၆၇-၄၀၇၂၆၅၊ ၀၆၇-၄၀၇၅၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
သာယာဝတီမြို့နယ်တရားမရုံး၌
၂၀၁၂ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၁

ဒေါ်စန်းဝင်း နှင့် ရဲတပ်ကြပ်ကြီး အောင်ဝင်းထွန်း
တရားလို တရားခံ

ရဲတပ်ကြပ်ကြီး အောင်ဝင်းထွန်း ညောင်ခြေထောက် ရဲစခန်း၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)နေသူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းဝင်းက လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၅ရက် မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ် မေလ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်နေလင်း (တ/၂၇၀၇)
ဒုတိယမြို့နယ်တရားသူကြီး
သာယာဝတီမြို့နယ်တရားရုံး



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းထောင့်၊ (၈)ရပ်ကွက်၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ် (D)၊ အခန်းအမှတ်(၁၀၂)၊ ကွစ္စိတံကုမ္ပဏီလီမိတက်မှဦးထင်ကျော်မြင့်-ဒေါ်သဇင်မင်းစုထွေးတို့အား ရောင်းချခဲ့ပြီး အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာ ထုတ်ပေးရန် လျှောက်ထားလာပါသည်။

အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ အိမ်ပေါ်တက်ရောက် နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်းများ တင်ပြ၍ ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

- အင်းစိန်မြို့နယ်၊ ၁၀ မိုင်ကုန်း အောင်စေတီ ဘုန်းကြီးကျောင်းလမ်း၊ စတုရန်းပေအကျယ် (၁၃၀၀၀)၊ ၀. ၂၉၉ဧက
- နှစ်ထပ်တိုက် (၁)လုံး၊
- တစ်ထပ်တိုက် (၂)လုံး
- မီတာ (၃)လုံး
- ပိုင်ရှင်အမည်ပေါက်
- ပြည်လမ်းမနှင့်နီး

ဖုန်း-၀၉၇၃၀၇၀၉၁၇၊
၀၁ ၅၃၅၁၃၅၊ ၀၉၅၀၇၄၆၉၉

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၀၁ နှင့်ဆက်သွယ်သည့်
၂၀၁၂ ခုနှစ်- တရားမဇာရီမှုအမှတ်-၆၃

ဦးအောင်သိန်း နှင့် ၁။ ဒေါ်သန်းသန်းမေ၊
၂။ ဦးဇော်မင်းသွင်

ဒီကရီအနိုင်ရသူ တရားရှုံး

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်-၃ ရပ်ကွက်၊ ၃၆ လမ်း၊ အမှတ်-၄၄၊ အခန်း(၁၇) ဒေါ်သန်းသန်းမေနှင့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (အက်ဖ်အမ်အိုင်စီးတီး) ပဒေသာပင်မြို့တော်၊ ရွှေသရဖီလမ်း အမှတ် (အိပ်ချ်-၁၁၁/အေ)နေ ဦးဇော်မင်းသွင် (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၅၀၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၁၂ ခုနှစ် ဇွန်လ ၂၁ ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၃)ရက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၂ ခုနှစ် မေလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

သန်းဝင်း(တ/၁၇၀၂)
ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃အေ၂၊ မြေကွက်အမှတ် ၁၁၉၊ မြေကွက်တည်နေရာအမှတ်-၁၆၊ အောင်သုခလမ်း၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ် (ဦးစိန်သောင်းနှင့် ၁၇၂ဦး) အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအားအမည်ပေါက် ဦးစိန်သောင်းနှင့် ၁၇၂ဦးထံမှ စွန့်လွှတ်စာတမ်း၈၅၇/၆၂/၁၂-၄-၆၂ ဖြင့် ဦးလှမြင့်နှင့် မလှကြည်တို့မှ ပိုင်ဆိုင်ခဲ့ပြီး စွန့်လွှတ်စာချုပ် ၄၂၅/၆၆/၁၈-၇-၆၆ ဖြင့် ထပ်မံ ပိုင်ဆိုင်လာသူ ဦးလှမြင့် ကွယ်လွန်သဖြင့် ဒေါ်တင်ရွှေ [၁၂/တမန(နိုင်)၀၁၄၆၉၀]က ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမိုင်းဝင်(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီးရှိ ကန်တော်မင်္ဂလာပြုပြင်ခြင်းလုပ်ငန်းအတွက်မတည်အလှူရှင်များဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ အဝိုင်းကြီးအနီးရှိ (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီး၌ လွန်ခဲ့သောနှစ်ပေါင်း (၅၀)ခန့် ကအုတ်အင်္ဂတေဖြင့် တည်ဆောက်ခဲ့သော ကန်တော်မင်္ဂလာကြီးမှာ ရန်ကုန်သန်လျင် ချဉ်းကပ် လမ်းနံဘေးတွင် တည်ရှိနေသဖြင့် မြေကြီးတုန်ခါမှုဒဏ်ကြောင့် အုတ်ရိုး၊ အုတ်ခုံမြေသားများ၊ ပြိုကျပျက်စီးလျက်ရှိနေပါသည်။ ရေကန်ပတ်လည်ရှိ ပြိုကျပျက်စီးနေသော မြေကာနံရံတွင် သံကူကွန်ကရစ်လုပ်ငန်းဖြင့် ဆောင်ရွက်သွားမည်ဆိုပါက သိန်းပေါင်းကျပ် (၁၀၀၀)နီးပါးမျှ ကုန်ကျသွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ သာသနာတော်ကို စောင့်ရှောက်ကြကုန်သော ဓမ္မမိတ်ဆွေသူတော်ကောင်းအပေါင်းတို့အား ကြုံတောင့်ကြုံခဲ"ကံဆင့်" "ကံမြင့်"ကာလဒါန အလှူတော်မင်္ဂလာကြီးသို့ မတည်အလှူရှင်အဖြစ် တစ်ဦးလျှင် သိန်း (၁၀၀)ကျပ်နှုန်းဖြင့်ဖြစ်စေ၊ စုပေါင်းအားဖြင့်ဖြစ်စေ၊ စွမ်းအားရှိသလောက်ပါဝင် လှူဒါန်းသမှုပြုနိုင်ကြရန် နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

(ပြင်ပသို့မည်သည့် အလှူခံမှုစေလွှတ်ထားခြင်းမရှိပါ၍ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၅၄၇၁၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။)

ခရီးလမ်းညွှန်-၃၄၊ ၆၂၊ ၆၅၊ ၇၂၊ ၄၆၊ ၂၁၆၊ ၁၇၃၊ သန်လျင်ကားများစီး၍ အဝိုင်းကြီး (၁၀၈)တောင်ဘုရားမှတ်တိုင်တွင်ဆင်းပါ။

စေတီတော်ဂေါပကအဖွဲ့

သမိုင်းဝင်(၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီးရှိ "ကံမြင့်""ကံဆင့်"လှူဒါန်းပွဲကြီးသို့ ပါဝင်လှူဒါန်းကြသော အလှူရှင်များစာရင်း(၅၀၀၀၀/-မှ ၁၀၀၀၀၀/-အထိသာ)

၁။	ဦးစန်းမင်း(ဗိုလ်ကြီးငြိမ်း)ဇနီး ဒေါ်လွင်လွင်အောင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာကေတမြို့နယ်။	၁၀၀၀၀၀/-
၂။	ဦးထွန်းလှိုင်-ဒေါ်လှိုင်တင်ရွှေယမင်းမိသားစု၊ သဃ်န်းကျွန်း	၁၀၀၀၀၀/-
၃။	ဦးခင်စိုး-ဒေါ်အေးအေးမူ လမ်း(၄၀)၊ ကျောက်တံတား	၁၀၀၀၀၀/-
၄။	ဦးတင်စိုး-ဒေါ်မြမြမိသားစု၊ စက်ရုံလမ်း၊ မအူကုန်း	၁၀၀၀၀၀/-
၅။	ဒေါ်ယဉ်အေးမိသားစု၊ အောင်သီရိလမ်း၊(၂၈)ရပ်ကွက်၊မြောက်ဒဂုံ	၁၀၅၀၀၀/-
၆။	ဒေါ်စန်းစန်းနွဲ့(ရည်စူး)ဦးတင်ညွန့်(၁၀၈ တောင်ဂေါပက) သော်ငါးသော် မိသားစု၊ ၈/ရပ်ကွက်၊ သာကေတ	၁၂၀၀၀၀/-
၇။	ဦးမြင့်အောင်-ဒေါ်ခင်မြတ်နွယ်မိသားစု၊ ငုဝါလမ်း၊ အလုံ	၁၀၀၀၀၀/-
၈။	သာကေတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့	၈၆၀၀၀/-
၉။	ဦးဟုံဟစ်-ဒေါ်သန်းရင်(ရည်စူး)ဒေါ်ရှူ့ခင်မိသားစု၊ ပဲခူး	၇၀၀၀၀/-
၁၀။	ဖခင်ဦးမြင့်ခင်(ရည်စူး)ဒေါ်ရှူ့လွင်နှင့်သားသမီးများ၊ ဒိုက်ဦး။	၆၀၀၀၀/-
၁၁။	ဦးဝင်းမော်-ဒေါ်ချိုမာလွင်မိသားစု၊ ရွှေရည်ဝင်းရွှေဆိုင် ၁၀/မြောက်၊ သာကေတ	၅၀၀၀၀/-
၁၂။	ဒေါ်အေးသန်းကျောက်တန်းမြို့	၅၀၀၀၀/-
၁၃။	ဒေါ်မြင့်မြင့်သန်း တောင်ကြီးမြို့	၅၀၀၀၀/-
၁၄။	အလှူငွေ(၅၀၀/-)မှ (၃၀၀၀၀/-)ထိအလှူရှင်(၁၁၀)ဦးမှ လှူဒါန်းငွေ	၆၇၈၀၀၀/-
	အလှူရှင်(၁၂၃)ဦးမှ လှူဒါန်းငွေ	**၁၇၄၄၀၀၀/-**

စေတီတော်ဂေါပကအဖွဲ့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
ကုန်စည်ပို့ဆောင်ရေးဌာနခွဲ အင်းစိန်

ဖုန်း-၆၄၀၇၃၉၊ ၆၄၀၄၄၂

ကုန်တင် ယာဉ်မောင်းနှင်မှုသင်တန်းအမှတ်စဉ်(၁၈၇) (၄-၇-၂၀၁၂)ရက်တွင် ဖွင့်လှစ်မည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများ ပေးသွင်းနိုင်ပါသည်။

နယ်သင်တန်းသားများအတွက် ဘော်ဒါရှိသည်။

သင်မောင်းလိုင်စင်နှင့်"ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။





၁-၆-၂၀၁၂ရက်ထုတ် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်မြင့်ထွန်း၏ အများသိစေရန် ကြေညာချက်အပေါ် တုံ့ပြန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂(က)၊ မြေအကျယ် အလျားပေ ၉၀၊ အနံပေ ၁၂၀၊ ဧရိယာ ၁၀၈၀၀စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေ ကွက်မှ တရားမဝင်မခွဲစိတ်ရသေးသော မြေကွက်၏မြောက်ဘက်ခြမ်း မြေအကျယ် အလျားပေ ၇၀အနံ ပေ ၁၂၀ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမွေစားအမွေခံများဖြစ်ကြသော ဒေါ်တင်တင်အေး၊ မောင်မျိုးအောင်၊ မချိုလွင်အောင်၊ မောင်တင်အောင်မိုးတို့ထံမှ မှတ်ပုံတင်စာချုပ် အမှတ်-၃၁၄၅/၂၀၀၀ဖြင့် အရောင်းအဝယ်ပြုလုပ်ပြီး၍ ဖခင်ဖြစ်သူ ဦးတင်အောင်၏ ဂရန်လည်း လက်ဝယ်ရရှိပြီးဖြစ်ပါသည်။ ၎င်းနောက် (၃-၅-၁၉၉၉)စာချုပ်အရ ဒေါ်တင်တင်အေး အပါအဝင် အမွေစားအမွေခံများသည် ခွင့်ပြုချက်ဖြင့် နေထိုင်သူများသာဖြစ်ပါသည်။ ဦးစိုးတင့်ဆိုသူမှ မည်သို့မည်ပုံ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်လာမှန်းမသိပါ။ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ပိုင်ဆိုင်သူထံမှ စရန်ပေးခြင်း၊ ငွေချေခြင်းကိစ္စများကို ဆောင်ရွက်သူမှာ မိမိ၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့် ရပ်ဆိုင်ဖြေရှင်းတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် တုံ့ပြန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်(စဉ်-၃၉၀၈)
LL.B, DBL
တရားလွှတ်တော်ရှေ့နေ
အခန်း(၃)၊ MAC Tower ဘားလမ်းနှင့်ပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၆၃၇၂၀

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စနစ်ဖြင့်ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	တင်ဒါပိတ်ရက်နှင့်အချိန်
၁။	(က)၀၀၁/၃သတလ/၂၀၁၂-၂၀၁၃	တစ်ထပ်အိတ်ထုပ်ပိုးအိတ်ခွံ(၃၃၀ ၀၀၀လုံး)	(၁၈-၆-၂၀၁၂) ၁၆း၃၀နာရီ
	(ခ)၀၀၂/၃သတလ/၂၀၁၂-၂၀၁၃	Filter Bag (၁၆၀ လုံး)	၁၆း၃၀နာရီ
	(ဂ)၀၀၃/၃သတလ/၂၀၁၂-၂၀၁၃	Vibrating Screen(၄၅ ချပ်)	၁၆း၃၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၇-၆-၂၀၁၂ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၀၉၃၉၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်

PUBLIC COMPANY ဖွဲ့စည်းရန်အတွက် ပဏာမအကြံပြုဆွေးနွေးပွဲ ပြုလုပ်ရန် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်တစ်ခုလုံး၏ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး အများပိုင် ကုမ္ပဏီတစ်ခုဖွဲ့စည်းရန်အတွက် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ ၁၀-၆-၂၀၁၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတိတိတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်မေ္ဗာရုံတွင် ပဏာမအကြံပြု တွေ့ဆုံဆွေးနွေးပွဲ ကျင်းပလိုပါသဖြင့် စိတ်ပါဝင်စားသူ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ New Generation လူငယ်များ မည်သူမဆို တက်ရောက်အကြံပြု ဆွေးနွေး ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကုမ္ပဏီဖြစ်မြောက်ရေးအဖွဲ့
ဖုန်း-၀၉ ၄၂၀ ၀၉၀၈၅၆
E-mail: arkpubliccompany@gmail.com
Facebook: Royal Rakhine

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/သမိုင်း)၊ မြေကွက်အမှတ် ၁၁/က၂B၂၊ မြေကွက်တည်နေရာအမှတ် (၁၂၈)၊ ကုန်သည်လမ်းနှင့် ယိုးဒယားလမ်းထောင့်(၉)မိုင်၊ မရမ်းကုန်းမြို့နယ်(ဦးစိုး၊ ဒေါ်ညို)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်များထံမှ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၄၆၃၉ /၂၀၀၂(၂၁-၁၁-၂၀၀၂)ဖြင့် သား၊ သမီးများဖြစ်ကြသည့် ဦးသက်တင်[၁၂/လမန(နိုင်)၀၁၄၈၇၇]ဒေါ်မြမြဝင်း[၁၂/မဂတ(နိုင်)၀၃၅၅၉၆]၊ ဒေါ်မြင့်မြင့်စိန်[၁၂/မဂတ(နိုင်)၀၃၆၀၃၉]၊ ဦးထိန်လင်း[၁၂/ဒဂန(နိုင်)၀၀၉၆၇၁]၊ ဦးတင်ဦး[၁၂/ကမရ(နိုင်)၀၃၇၉၀၆]တို့မှ ပိုင်ဆိုင်လာပြီး S/P ရရှိသူ ဦးတင်ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ၄၆၃၉/၂၀၀၂(၂၁-၁၁-၂၀၀၂)မိတ္တူမှန် ကျမ်းကျိန်လွှာများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃/သမိုင်း၊ မြေကွက်အမှတ်၄/ည ၊၄/ဈ၊မြေကွက်တည်နေရာအမှတ်(၃၃)၊ ဦးအောင်မင်းလမ်း၊၂ ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊(ဂွန်သက်ကြီး၊ ဂျေသက်ကြီး၊ မစ္စသက်ကြီး)၊အမည်ပေါက် ဘီမြေပိုင်မြေ(စိုက်ပျိုးရေးသုတေသနစခန်းမြေအဖြစ်အသုံးပြုရန်) မြေအား အမည်ပေါက်ဖခင် ဂွန်သက်ကြီး(ခ)ဂျေသက်ကြီး၊ မိခင် မစ္စသက်ကြီးတို့ကွယ်လွန်သဖြင့် ကျန်ရှိသောဥစ္စာပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာနှင့် ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ် -၂၄/၂၀၀၄ အရထုခွဲရောင်းချခွင့်အမိန့်ရရှိထားသူ ဒေါ်ပလနဲလမီသက်ကြီး(ခ) ဒေါ်မြသက်စု[၁၂/ကမတ(နိုင်)၀၀၆၆၇၁]မှ သမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊သေစာရင်း၊ တရားရုံးအထောက်အထားဒီကရီများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူး လျှောက်ထားလာခြင်းအပေါ် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆက်သွယ်ပါရန်

ကားသင်မောင်း ကျွမ်းကျင် အမျိုးသမီးတစ်ယောက်နှင့် ဆွေးနွေးလိုပါသည်။

ဆက်သွယ်ရန်ဖုန်း-
၀၉ ၇၃၂၄ ၀၁၆၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၇(ပဲမှီကုန်း)၊ မြေကွက်အမှတ်(၆၈)၊ မြေကွက်တည်နေရာ အမှတ်(၉)၊ နတ်စင်လမ်း၊ ဝါခင်းရပ်ကွက် အစိုးရ (NHB ရုံးမြေအခွန် မြေတိုင်းဌာန၏ ၃၁-၅-၆၅နေ့စွဲပါ စာအမှတ်-၆၄/၃တ၁၇/၆၃အရ အစိုးရမြေသတ်မှတ်သည်။) အမည်ပေါက် Lမြေအား အရောင်းအဝယ် အရပ်ကတိစာချုပ်နှင့် မှတ်ပုံတင် မိတ္တူတို့တင်ပြ၍ ဦးစံဝင်း[၁၃/မနန(နိုင်)၀၀၉၄၁၈]ကဂရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

တောင်ကြီးမြို့၊ စပ်စံထွန်းရပ်ကွက်၊ စပ်စံထွန်းဈေးလမ်း၊ အမှတ်(စ/၂၁)၊ ငါးထပ်တိုက်အဆောက်အအုံမှ ညာဘက်အခန်းအမှတ် (မြေညီထပ်+ပထမထပ်)အား ဦးလှိုင်ထွန်း [၁၃/နစန(နိုင်)၀၀၁၉၆၆] မှ ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ၎င်းအခန်းအား မိတ်ဆွေတစ်ဦးသို့ တန်ဖိုးသတ်မှတ်ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုက(၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

ဦးလှိုင်ထွန်း
[၁၃/နစန(နိုင်)၀၀၁၉၆၆]
ဖုန်း-၀၉-၇၃၁၀၀၉၉၃၊ ၀၈၁-၂၀၆၂၀၈

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

(က) CME (12-13) (Cooling Water Treatment Detergents, Roller Bearing, Filter, V-Belt)

(ခ) CME (12-13) Caterpillar Special Tools (17) Items

(ဂ) CME (12-13) - YDM-4 Loco Brake Block (5000) Pcs

ဖုန်း-၀၁-294352, 291944

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းပိုင် မော်တော်ယာဉ်ဟောင်း(၄)စီးကို မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀၁၂ခုနှစ် ဇွန်လ ၁၁ရက်မှ ၁၅ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း စီမံရေးဌာန၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း(ရုံးချုပ်)၊ အမှတ် (၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၂၀၂၀၅၂၊ ၂၀၂၀၅၈၊ ၀၉-၇၃၂၅၀၀၅၀ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀၁၂ခုနှစ် ဇွန်လ ၁၈ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း သစ်တောဖက်စပ်ရုံးချုပ်တွင် တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ရောင်းချရေးအဖွဲ့

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒေပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌

၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၂

၁။ ဦးခင်ဇော်		၁။ ဦးစောကဲ
၂။ ဒေါ်ပိုးကြည်	နှင့်	၂။ ဦးညိမ်းမောင်
		၃။ ဒေါ်နီ
		၄။ ဒေါ်အေးမိ
တရားလို		**တရားပြိုင်**

အမှတ်-၇၇၊ မြေညီ (ညာ)၊ ဘယသုဒ္ဓိလမ်း၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးညိမ်းမောင်၊ ဒေါ်နီနှင့် ဒေါ်အေးမိ သိစေရမည်။

